မြန်မာ့အလင်း

၁၂၈၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တာ့မင်နစ္စတန်နိုင်ငံ သမ္မတသစ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တာ့မင်နစ္စတန်သမ္မတနိုင်ငံ သမ္မတသစ်အဖြစ် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် စတင်တာဝန်ထမ်းဆောင်သည့် မစ္စတာ ကာဘန်ဂူလီ၊ ဘာဒီမူခမ်ဒို့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

စပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်နည်းစနစ်မှန်ကန်စွာဖြင့် မျိုးကောင်းမျိုးသန့်များအသုံးပြု စိုက်ပျိုးရေကိုအကျိုးရှိစွာအသုံးချပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများအချိုးကျသုံးစွဲ

နွေစပါးသာမက ဝါ၊ ပဲ၊ နှမ်းနှင့် ခြံစည်းရိုးကြက်ဆူပင်များတိုးချဲ့စိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာ ကွင်းအမှတ် ၆၁၂သို့ သွားရောက်၍ လယ်မြေဧက ၂၀၀ မိတ္ထီလာကန် ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော ရေဆင်းလုံးသွယ် နွေစပါးများစိုက်ပျိုးနေမှု၊ ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးပန်းတိုင်အထွက်တိုးနှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စနစ်တကျအသုံးပြုသွားရန် မှာကြားသည်။

ပျိုးထောင်ပြီးစီး

မိတ္ထီလာမြို့နယ်တွင် ၂၀၀၆–၂၀၀၇ခုနှစ်တွင် ဆည်၊ကန် ရေသောက်အလိုက် နွေစပါးစိုက်ပျိုးရန် ၂၃၄၆ ဧက လျာထားရာမှ လျာထားဧကအတွက် ပျိုးထောင်ပြီးစီးပြီဖြစ်၍ မတ်လအပြီး နွေစပါး ထွန်တုံးပိတ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာ ရေဆင်းလုံးသွယ် နွေစပါးများ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၂၄–၂–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

လူတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် လမ်းလျှောက်ခြင်းသည် ဆေးတစ်ပါး

လူတိုင်း သက်ရှည် ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် လမ်းလျှောက်ခြင်းသည် ဆေးကောင်းတစ်လက်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် အရွယ်မရွေး ပါဝင်လှုပ်ရှားနိုင်သော အလွယ်ကူဆုံး အားကစားနည်းတစ်ရပ်ဖြစ်သည်။

ထို့အပြင် လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှား အားကစားနည်းများနှင့် ကြောင်းကျိုးဆက်စပ်သည့် အစပျိုး အားကစားနည်းလည်းဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုပြုခြင်းဖြင့် ခန္ဓာကိုယ်ရှိ ကြွက်သားများ ရှင်သန်ဖျတ်လတ်စေကာ အာရုံကြောများကို နိုးကြားတက်ကြွစေသည်။

ယခုအခါ ကမ္ဘာတွင် ရေပန်းစားနေသည့် ရောဂါတစ်မျိုးမှာ အဝလွန်ရောဂါဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ဖြစ်ပွားမှုနှုန်း တိုးပွားလာနေသည်။ အဝလွန်ရောဂါသည် ချောကလက်၊ သကြားလုံး၊ အချိုရည်များစသည့် အသင့်ပြုလုပ်ထားသော အစားအစာ၊ ဖျော်ရည်များ စားသောက်သုံးစွဲခြင်းနှင့် လမ်းလျှောက်မှု နည်းပါးခြင်းတို့ကြောင့် အဖြစ်များလာရခြင်း ဖြစ်သည်။

လမ်းလျှောက်ရာတွင် အပျင်းပြေလမ်းလျှောက်ခြင်းထက် စနစ်တကျ လမ်းလျှောက်ခြင်းက ကျန်းမာရေးအတွက် ပို၍အကျိုးရှိစေသည်။ အဝလွန်သူများသည် ရက်သတ္တတစ်ပတ်လျှင် သုံးရက်နှုန်းဖြင့် တစ်ရက်ကို အနည်းဆုံး နာရီဝက် လေကောင်း လေသန့်ရရှိသောနေရာ၌ ချွေးထွက်အောင် လမ်းလျှောက်ပေးပါက အကျိုးကျေးဇူးများ ရရှိခံစားရမည်ဖြစ်သည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာသည်နှင့်အမျှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများ အားလုံး ကျန်းမာရေးကို တန်ဖိုးထားလိုက်စားကြစေရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးဟံစိန်အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် နန္ဒဝန်လမ်း အမှတ် (၂၉)နေ ဒေါ်မြကြင် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို မင်းကွန်း အနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီးတိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အသေးစားချေးငွေလုပ်ငန်းမှ ဝန်ထမ်းများနှင့် ငွေချေးသူများအား ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တွေ့ဆုံ၊ လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ရေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၃

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ကလောမြို့နယ် သမဝါယမဘဏ်ရိပ်သာ၌ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အသေးစားချေးငွေလုပ်ငန်းမှ ဝန်ထမ်းများနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ပင်းတယမြို့နယ် သရက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးယူသူ တောင်သူလယ်သမားများနှင့် လက်မှုလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ကေလာရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးသူ တောင်သူများနှင့်လည်းကောင်း၊ ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်စခန်းအနီးရှိ လွယ်ညိမ့်ကျေးရွာရှိ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးယူသူများနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကလောမြို့နယ် ဝါးရုံပင်ကျေးရွာ စိုက်ပျိုးရေးခန်းမ၌ အသေးစားချေးငွေလုပ်ငန်းမှ ငွေချေးယူသူ ရွာသူရွာသားများနှင့်လည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းများတစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစည်းအဝေး အတွေ့အကြုံ မော်လမြိုင်၌ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နေပြည်တော်၌ ဖေဖော်ဝါရီ ၅ ရက်မှ ၇ရက်ထိ ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်တရားသူကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် မွန်ပြည်နယ် တရားသူကြီး ဦးမြင့်ဝင်းက နိုင်ငံတော် ဝန်ကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ မိန့်ကြားချက်များ၊ တရားသူကြီးချုပ်၏ မှာကြားချက်များနှင့် အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

အရင်းမပျောက် မတည်ရန်ပုံငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာနိုင်ငံအမျိုးသမီးရေး ရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၉နာရီက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုး တက်ရောက်၍ အမှာစကား ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များသို့ အရင်းမပျောက် မတည်ရန်ပုံငွေများ ပေးအပ်သည်။

အစီရင်ခံစာတင်သွင်း

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်မြတ်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ အစီရင်ခံစာကိုတင်သွင်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။

ရှေ့လုပ်ငန်းစဉ်များချမှတ်

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြမြပိုင်းက တင်ပြချက်များကို ခြုံငုံသုံးသပ်ခြင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ရှေ့လုပ်ငန်းစဉ်များ တင်ပြခြင်း၊ ပြည်နယ်အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူ ရခိုင်ပြည်နယ် မာန်အောင်မြို့ (ကျောင်းဆရာကြီး ဦးရွှေသီး၊ ဒေါ်ချမ်းသာ)၊ ကျောက်ဖြူမြို့ (ရဲအုပ် ဦးဘခင်၊ ဒေါ်အောင်ဘု)တို့၏မြေး ဦးညီညီစိုး(၄၃)နှစ်အား ရည်စူး၍ ဖခင် ဦးစောလှဖြူ၊ မိခင် ဒေါ်ခင်အေးနှင့် မိသားစုတို့က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်တနင်္ဂနွေနေ့

(၂၅-၂-၂၀၀၇)ရက် ဖြစ်ပြီး

၂၀၀၇ မတ်လအတွက်

(၁၁-၃-၂၀၀၇)ရက်နေ့ နှင့် (၂၅-၃-၂၀၀၇)ရက်နေ့

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	ရုပ်မြင်သံကြားဇာတ်လမ်း **"ညွှန်းစာဖွဲ့လို့မမီ"** ညွှန့်ဝင်း၊ လူမင်း၊ ဝါဝါဝင်းရွှေ၊ ထက်ထက်မိုးဦး
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၀	၈။	မိုးလေဝသသတင်း
၆း၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၀။	လျှပ်တစ်ပြက်
၆း၄၀	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့ သံစဉ်"** (အပိုင်း-၂၃)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၆။	English Premier League ဘောလုံးပွဲ Liverpool Vs Sheffield United

✳ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့နယ် ရာသင်ချာကျေးရွာ အုပ်စုရှိ မျိုးသန့်စိုက်ကွင်း ဧက ၂၀၀၌ ကင်းတားရေလှောင်တမံ ရေသောက် စနစ်ဖြင့် စိုက်ပျိုးထားရှိသော ရွှေသွယ်ရင် မျိုးသန့်စပါးများ စိုက်ပျိုးမှု၊ ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ စပါးများပန်းတိုင် အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ဝမ်းတွင်းမြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးရန် ၂၅၀၁၉ ဧက လျာထားရာမှ ၄၁၂၇ ဧကစိုက်ပျိုးပြီးစီး၍ ကျန်စိုက်ဧကများကို မတ်လအပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့နယ် သီလင်ကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ထူး၏ ရွှေနန်းတော် စိုက်ကွင်းသို့ ရောက်ရှိပြီး နွေစပါး ၁၁၅ဧက စိုက်ပျိုးထားရှိမှု၊ လယ်ယာသုံး လက်တွန်းထွန်စက်များ အသုံးပြု၍ မြေပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မြစ်သားမြို့နယ်နှင့် ကျောက်ဆည်ခရိုင်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ရေသောက်နည်းလမ်းများ အလိုက် နွေစပါးစိုက်ပျိုးရန်လျာထားမှု၊ ပျိုးထောင်ပြီးစီးမှု၊ စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးသာမက ဝါ၊ ပဲနှင့်နှမ်းတို့အား တိုးချဲ့စိုက်ပျိုးသွားရန်မှာကြားကာ ရွှေနန်းတော်စိုက်ကွင်း၌ စိုက်ပျိုးထားသည့် မနောသုခ၊ ရွှေမြန်မာ၊ ရွှေသွယ်ရင်၊ ရေဆင်းလုံးသွယ်၊ဆင်းသွယ်လတ်မျိုးများနှင့် အားဖြည့်မြေသြဇာများ၊ ဇီဝစူပါရွက်ဖျန်းမြေသြဇာများကို ကြည့်ရှုစစ်ဆေးသည်။

ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားနှင့် တံတားဦးမြို့နယ်များ၌ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စုစုပေါင်းနွေစပါး၇၄၆၀၂ဧက စိုက်ပျိုးရန်လျာထားရာ ၅၀၀၈ဧက စိုက်ပျိုးပြီးဖြစ်၍ ကျန်စိုက်ဧကများကိုမတ်လအပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

ညွှန်ကြားချက်များ ချမှတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ စိုက်ပျိုးရေးဗဟိုသုတေသနခြံ၌ စိုက်ပျိုးမြေ၆ဧကတွင် ရေဆင်းလုံးသွယ်အမျိုးအစား နွေစပါးများစိုက်ပျိုးထားရှိမှုနှင့် ဆောင်းသီးနှံ ဆင်းသွယ်လတ်(၄) ကုလားပဲမျိုးနှင့် ဆင်းရွှေကြာ(၂) နေကြာသီးနှံသီးညှပ်စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်ရှိ ကျောက်ဆည်ခရိုင် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်ကို လည်းကောင်း၊ စဉ့်ကိုင်မြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ညွှန်ကြားချက်ပေးသည်။

ကျောက်ဆည်ခရိုင်အတွင်း၂၀၀၆-၂၀၀၇ခုနှစ်၌ခြံစည်းရိုးကြက်ဆူ၃၁၃၀၂ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူ ၂၂၂၁၁ဧက တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့နယ် သိန္ဓီကုန်းကျေးရွာ အုပ်စုရှိ လယ်မြေဧက၂၅၀၌ ဇီးတောမြောင်း ရေသောက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိသော မနောသုခနွေစပါးနှင့်ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ လယ်ယာသုံး လက်တွန်းထွန်စက်များအသုံးပြု၍ မြေပြုပြင်မှုများကို ကြည့်ရှုစစ်ဆေးရာ စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ငွေက စဉ့်ကိုင်မြို့နယ်အတွင်း ရေရရှိရေးနည်းလမ်းများအလိုက် ၂၀၀၆-၂၀၀၇ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန်လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ မြေပြုပြင်ပြီးစီးမှုတို့အား ရှင်းလင်းတင်ပြသည်။

အကျိုးရှိစွာအသုံးပြု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က စိုက်ပျိုးရေများကို အကျိုးရှိစွာ အသုံးချရေး၊ စပါးများပန်းတိုင်အထွက် နှုန်းရရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် မျိုးကောင်းမျိုးသန့်များ အသုံးပြု၍ ဓာတ်မြေသြဇာနှင့် သဘာဝ မြေသြဇာများအား အကျိုးရှိအသုံးပြုသွားရန် မှာကြားသည်။

စဉ့်ကိုင်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် ဧက ၁၉၀၅၀ လျာထားရာ ဧက ၁၉၅၀ စိုက်ပျိုးပြီးစီး၍ လျာထားဧကပြည့်မီအောင် မတ်လအပြီးစိုက်ပျိုးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညစာခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Datu Inderasugara Brig-Gen(B) Dato Paduka Haji Mohd Yusuf bin Abu Bakarနှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဇာတိမာန်နိုး မျိုးဂုဏ်ရည်

✳ သူတို့နိုင်ငံ၊ သူတို့ဟန်နှင့်
သူ့စံသူ့ထုံး၊သူတို့ သုံးကာ
နှလုံးမွေ့လျော် ပျော်ပါစေ။
ပျော်သလိုသာ နေပါလေ။
မုဒိတာပွား မေတ္တာဝေ။

✳ ဒို့စံ ဒို့ဟန်၊ ဒို့နိုင်ငံနှင့်
သူ့စံသူ့ဟန်၊ သူ့နိုင်ငံသည်
ခံယူချက်များ၊ မတူခြား၏။
လေးစားလိုက်နာ၊ ထုံးစဉ်လာနှင့်
ရိုးရာအလိုက်၊ ကျင့်စရိုက်လည်း
အကြိုက်မညီ၊ တစ်မူစီတည့်။

✳ တစ်မူစီခြား၊ ဓလေ့များကို
အမှားဟုပြင်၊ မငြိုငြင်နှင့်
ဆင်ခြင်ကင်းမဲ့၊မကဲ့ရဲ့နှင့်
ချိုးဖဲ့ဝန်တို၊ ပြစ်ဖွဲ့ဆိုပြီး
မလိုမုန်းတီး၊ အတ္တကြီးသည့်
သူ့နည်းသူ့ဟန်၊ လက်မခံဘု
ဒို့စံ ဒို့ထုံး၊ ဒို့ကျင့်သုံးကာ
နှလုံးမွေ့လျော် ပျော်ပိုက်သည်။
ဝံသာနုစိတ် မြတ်နိုးတည်။
ဇာတိမာန်နိုး မျိုးဂုဏ်ရည်။ ။

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာ့ပုလဲရောင်းချပွဲ ၂၀၀၇ ဆက်လက်ကျင်းပ

ကုန်သည်များက ပုလဲအတွဲပေါင်း ၉၅တွဲကို ဝယ်ယူအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေးရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏"မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"**ကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းလျားလိတ်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။**

တက်ရောက်ဝယ်ယူ

အဆိုပါ**"မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"**တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ပုလဲများနှင့် နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း ပုလဲများအပါအဝင် စုစုပေါင်းပုလဲအတွဲပေါင်း ၅၁၅ တွဲ၊ ပုလဲလုံးရေ ၉၄၃၁၉ လုံး၊ အလေးချိန် ၅၆၁၈၈ဒသမ၅၅မိုမီ ရောင်းချသွားမည်ဖြစ်ပြီး ပြည်ပနိုင်ငံပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်ပေါင်း ၃၀ကျော်တို့ တက်ရောက်၍ ဝယ်ယူကြမည်ဖြစ်သည်။

ကြီးကြပ်ဆောင်ရွက်

"မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"တွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များသည် နံနက် ၈နာရီမှ ညနေ၄နာရီအထိ ပုလဲအတွဲများကိုကြည့်ရှုလေ့လာကြရာ ပုလဲရောင်းချရေးဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး မြန်မာ့ပုလဲရောင်းချပွဲကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့ မြန်မာ့ပုလဲရောင်းချပွဲတွင် ပုလဲကုန်သည်များက ပုလဲအတွဲပေါင်း ၉၅တွဲကို ဝယ်ယူအားပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ရောင်းချ

"မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"ကို ဖေဖော်ဝါရီ ၂၄ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄နာရီအတွင်း ပြည်ပနိုင်ငံများမှ ပုလဲကုန်သည်များအား တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

ပါကစ္စတန်နိုင်ငံက မိုင်ပေါင်း ၁၂၅၀ အကွာအဝေးသို့ ပစ်ခတ်နိုင်သော နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်သစ်အမျိုးအစားကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း ပါကစ္စတန်စစ်တပ်ကပြောကြားခဲ့သည်။

ခေတ်သစ်သင်္ချာပညာရပ်များသည် လွန်ခဲ့သော ၁၅ရာစုက ဂျီသြမေတြီစနစ်များကို အခြေခံထားကြောင်း အမေရိကန်သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်ကို ဖေဖော်ဝါရီ ၂၃ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အီရတ်၌ တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ပေါလ်ကော်တက်ဇ်သည် အီရတ်ရှိ ၁၄နှစ်အရွယ် မိန်းကလေးတစ်ဦးအား မတော်ပြုကျင့်ပြီး ၎င်းမိန်းကလေးနှင့် မိသားစုကို သတ်ဖြတ်ခဲ့သည့်အတွက် ထောင်အနှစ်၁၀၀ကျခံစေရန် စီရင်ချက်ချမှတ်လိုက်ကြောင်း ဖေဖော်ဝါရီ ၂၃ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၄၅၀၀၀က ပထမဆုံး ချင်ပန်ဇီကျောက်ဖြစ်ရုပ်ကြွင်းကို ကင်ညာနိုင်ငံ၌ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။

ယူဂန္ဒာနိုင်ငံက ဆိုမာလီယာနိုင်ငံသို့ အီသီယိုးပီးယားတပ်များနေရာတွင် အစားထိုးရန်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၅၀၀ကို လာမည့်နှစ်ပတ်အတွင်း အာဖရိကမစ်ရှင်အတွက်စေလွှတ်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မလေးရှားနိုင်ငံသို့ သစ်သီးဝလံများတင်သွင်းမှုလျော့ကျစေရန်အတွက် နာနတ်သီးစိုက်ဟက်တာ ၁၅၀၀၀ စိုက်ပျိုးသွားရန် စိုက်ပျိုးရေးတာဝန်ရှိသူများက တောင်သူများအား တိုက်တွန်းလိုက်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

(အင်တာနက်)

ဖျာပုံမြို့နယ်အသင်း ဂုဏ၀ိသိဋ္ဌပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နိုင်ငံတော်က အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)အရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသော ဖျာပုံမြို့ ဓမ္မဝိနယ ပထမပြန်စာသင်တိုက် တိုက်သစ်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ဖျာပုံမြို့ ဇီဝကာရာမ ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာရပတိနှင့် ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ် ခံရသော ဖျာပုံမြို့ သမိဒ္ဓေါဒယ သီလရှင် စာသင်တိုက်မှ သီလရှင် ဆရာကြီးဒေါ်စန္ဒ သိင်္ဂီတို့အား ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ မတ် ၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ဂုဏ၀ိသိဋ္ဌမင်္ဂလာသဘင်ဖြင့် ထပ်ဆင့်ပူဇော်မည်ဖြစ်ရာ ဖျာပုံမြို့နယ်အသင်းဝင်များ၊ မိသားစုဝင်များ တက်ရောက်ပူဇော်ကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ်အသင်းတိုက် အမှတ် ၃၀ ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၃၉၂၁၇၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ကိုရီးယားတွင် စက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွား

ဆိုးလ် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ ၂၁ရက်က တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ ဖောက်ခွဲရေးပစ္စည်းစက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ တောင်ကိုရီးယားအလုပ်သမားနှစ်ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော် ပြောကြားခဲ့သည်။

မီးရှို့စဉ်

ဆိုးလ်မြို့ အရှေ့တောင်ဘက် ၂၇၁ကီလိုမီတာအကွာ တေးဆေး(ခ်)မြို့တွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆင့်ဆင့်အသုံးပြုပြီး စွန့်ပစ် ပစ္စည်းများကို အလုပ်သမားများက မီးရှို့စဉ် ဖြစ်ပွားခဲ့ကြောင်း၊ အခင်းဖြစ်ပွားပြီးနောက် ဒဏ်ရာရသူများကို အနီးရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာရသူ အချို့ မှာ စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မီးသတ်သမားများက ပေါက်ကွဲမှု၏ တိကျသော အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း၊ သာမန်အခြေအနေတွင် စွန့်ပစ်ပစ္စည်းများသည် လွယ်ကူစွာ မပေါက်ကွဲနိုင်ကြောင်း အရာရှိများက ပြောကြားခဲ့သည်ဟု ဒေသတွင်း မီဒီယာများက ထုတ်ပြန်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကာဇက်စတန်နိုင်ငံ ကာရာဂန်ဒါမြို့တွင် နှင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် လမ်းများပေါ်၌ ရှင်းလင်းနေကြသည်ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် - ကျန်းမာရေး

ကိုယ်ဝန်ဆောင်ချိန် ဖြစ်ပေါ်သော ဟော်မုန်း နာဗ်ဆဲလ်များ ပျက်စီးမှုကို ကာကွယ်နိုင်

အော့တဝါ ဖေဖော်ဝါရီ ၂၃

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်၌ ထွက်ပေါ်လာသော ဟော်မုန်းဓာတ်များသည် ကိုယ်ဝန်ဆောင်စဉ် အသားမျှင်များ တင်းမာမှုကြောင့် ပျက်စီးသွားသော နာဗ်ကြောများကို ပြန်လည်ကောင်းမွန်စေကြောင်း ကနေဒါသုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

ထိခိုက်မှုမရှိ

ကနေဒါနိုင်ငံ ကယ်ဂါရီတက္ကသိုလ်မှ သုတေသန ပညာရှင်များက ကိုယ်ဝန်ဆောင်ထားသော အမျိုးသမီးများကို လေ့လာသုတေသနပြုခဲ့ရာမှ ပဋိသန္ဓေလွယ်စဉ်ကာလ၌ အသားမျှင်များ တင်းမာမှုကို ထိုအချိန်မှ ထွက်ရှိသော ဟော်မုန်းဓာတ်တစ်မျိုးက ထိခိုက်မှုမရှိအောင် ကူညီကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ဆိုသည်။

သုတေသနပြုခဲ့

ဓာတ်ခွဲခန်းအသုံးပြု ကြွက်များကို ပထမဦးစွာ သုတေသနပြုခဲ့ရာမှ ထိုအချက်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ပြီးနောက် ကိုယ်ဝန်ဆောင်အမျိုးသမီးအား ဆက်လက် သုတေသနပြုခဲ့ခြင်း ဖြစ်သည်။

ကိုယ်ဝန်ဆောင်စဉ် ဝမ်းဗိုက်၊ ရင်သားနှင့် ကျောပြင်တို့တွင် အသားမျှင်နှင့် နာဗ်ကြောများ တင်းမာပြီး ဆဲလ်များ ပျက်စီးတတ်သည်ဖြစ်ရာ ထိုအချိန်၌ ထွက်ရှိသော ဟော်မုန်းဓာတ် **(ယာပုံ)**ကြောင့် မိခင်များမည်သည့် အကျိုးသက်ရောက်မှုမျှ မရှိကြောင်း ကနေဒါ သုတေသနပညာရှင် ဒေါက်တာ ဖရက်ဂိတ်က ပြောကြားသည်။ **(အင်တာနက်)**

အီလက်ထရွန်နစ် မှတ်တမ်းကတ်ပြားများအသုံးပြုခြင်းဖြင့် လူနာများအား စမ်းသပ်ကုသရာတွင် အချိန်ကုန်သက်သာနိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၃

စာရေးခြင်းနှင့်အချက်အလက်များ မှတ်တမ်းတင်ရာတွင် အသုံးပြုသည့် အီလက်ထရွန်နစ် ကတ်ပြားများသည် ဆေးရုံများ၌ လူနာ၏ ဆေးကုသမှု မှတ်တမ်းများကို မှတ်သားရာတွင် အလွန်ထိရောက်မှုရှိကြောင်း သိရသည်။

ထို့သို့အီလက်ထရွန်နစ် စာရေးကတ်ပြားများကို အသုံးပြုခြင်းဖြင့် လူနာများကို ကုသရာတွင် အချိန်ကုန်သက်သာစေပြီး မှတ်တမ်းတင်ထားသည့် အချက်အလက်များကို အချိန်တိုအတွင်း သိရှိနိုင်သည့်ဟု ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

လျှော့ချစေနိုင်

ဆရာဝန်များနှင့်သူနာပြုများအတွက်လည်းအချက်အလက်များ မှတ်တမ်းတင်ရာ၌ အချိန်ကုန်သက်သာစေပြီး လူနာများနှင့်ပတ်သက်သော အချက်အလက်များကို အပြည့်အဝ မှတ်တမ်းတင်နိုင်သည့်အပြင် ချက်ချင်းသိရှိနိုင်သည်ဖြစ်ရာ လူနာစမ်းသပ်ချိန်ကိုလည်း လျှော့ချစေနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။ (အင်တာနက်)



တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြသသော ဆပ်ကပ်ပြပွဲတွင် တရုတ်မိန်းမပျိုလေးများ၏ စွမ်းရည်ပြကွက်တစ်ခုကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ သံမဏိထုတ်လုပ်မှု ယခုနှစ်တွင် တန်ချိန် သန်း ၄၆၀ ရှိမည်

ပေကျင်း ဖေဖော်ဝါရီ ၂၃

တရုတ်နိုင်ငံသည် ယခုနှစ်တွင် သံမဏိစိမ်း တန်ချိန်သန်း ၄၆၀ ထုတ်လုပ်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ယမန်နှစ်ကထက် ၁၀ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ၂၀၀၆ ခုနှစ်တွင် သံမဏိစိမ်း ထုတ်လုပ်မှုမှာ တန်ချိန် ၄၁၈ ဒသမ ၇၈ သန်းရှိခဲ့ရာ နှစ်ချင်းအလိုက် ၁၈ ဒသမ ၄၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အဆိုပါ ကော်မရှင်၏ စာရင်းဇယားများတွင် ဖော်ပြသည်။

ယုံကြည်

တရုတ်နိုင်ငံ၏ သံမဏိထုတ်လုပ်မှုသည် ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကားထုတ်လုပ်ရေးလုပ်ငန်း၊ သင်္ဘော တည်ဆောက်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် အိမ်သုံး လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် လိုအပ်ချက်များ ပို၍များပြားလာမည်ဟု ယုံကြည်မိကြောင်း ၎င်း သတင်းရပ်ကွက်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။

(အဆိုပါ ကားဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ လူနာသုံးဦးထံ လွဲမှားစွာ အစားထိုးကုသပေးခဲ့

ဖလောရင့် ဖေဖော်ဝါရီ ၂၃

အီတလီဆရာဝန်များသည် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူများလှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လူနာသုံးဦးအား လွဲမှားစွာ အစားထိုး ကုသပေးခဲ့ကြောင်း ဖလောရင့် ဆေးရုံအုပ်ကြီးက ဖေဖော်ဝါရီ ၂၀ရက်၌ ပြောကြားသည်။

ထိုသို့ဖြစ်ရခြင်းမှာအမျိုးသမီးတစ်ဦးထံမှ ကျောက်ကပ်၊ နှလုံးနှင့် အသည်းကိုအစားထိုးရန် ထုတ်ယူရာတွင် ဓာတ်ခွဲခန်း ဇီဝဗေဒပညာရပ်က သူမသည် အိပ်ချ်အိုင်ဗွီပိုး မရှိကြောင်း လွဲမှားစွာ ဆေးမှတ်တမ်းတွင် ရေးမိခဲ့၍ ဖြစ်ကြောင်း ကာရစ်ဂီဆေးရုံမှ ဆရာဝန်များက သတင်းထောက်များအား ပြောကြားသည်။

အသက်(၄၁)နှစ်ရှိ အဆိုပါအမျိုးသမီးသည် ဦးနှောက်ရောဂါဖြင့် သေဆုံးခဲ့ပြီးနောက် အိပ်ချ်အိုင်ဗွီပိုး ရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့သော်လည်း မှားယွင်းစွာ ဆေးမှတ်တမ်းရေးမိခဲ့ကြောင်း၊ ၎င်း၏ဆွေမျိုးများကလည်း သူမ၏ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှူဒါန်းရန် သဘောတူညီခဲ့ကြောင်း ဆရာဝန်များက ပြောကြားသည်။

သူမ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လက်ခံခဲ့သူသုံးဦးသည် ယခုအခါ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဝေဒနာခံစားနေရပြီဖြစ်ကြောင်း မက်ဂျာနိုက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်သမ္မတ ဟူကျင်တောင် နှစ်သစ်ကူးပွဲတော်အတွင်း ဂန်ဆုပြည်နယ်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံ

လန်ကျို့ ဖေဖော်ဝါရီ ၂၃

တရုတ်သမ္မတ ဟူကျင်တောင်သည် တရုတ်နှစ်သစ်ကူးပွဲတော်၏ ပထမသုံးရက်အတွင်းတွင် ဂန်ဆုပြည်နယ် အရှေ့မြောက်ပိုင်းသို့ သွားရောက်၍ ဒေသခံပြည်သူများ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံခဲ့သည်။ (အပေါ်ပုံ)

တက်ရောက်

လန်ကျို့မြို့လယ်ရှိ အနောက်ကန် ပန်းခြံငယ်တွင် ကျင်းပလျက်ရှိသည့် တရုတ်နှစ်သစ်ကူးပွဲတော်သို့ ဖေဖော်ဝါရီ ၁၈ ရက်က တရုတ်သမ္မတ ဟူကျင်တောင်သည် အခြားတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ သွားရောက်၍ နှစ်သစ်ကူးပွဲတော်ကို ပြည်သူများနှင့် အတူ တက်ရောက် ဆင်နွှဲခဲ့သည်။ ထို့ပြင် ဟူသည် ကျောင်းသားများနှင့် အတူ တရုတ်နဂါးပုံကို အတူရေးဆွဲခဲ့သည်။

တွေ့ဆုံခဲ့

ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒ ရုံး၊ရေအရင်းအမြစ်ဌာနနှင့်လန်ကျို့မြို့ရှိ ပတ်ထရိုချိုင်းနား ကုမ္ပဏီ ရုံးခွဲတို့ရှိ အလုပ်သမားများနှင့်လည်း သွားရောက်တွေ့ဆုံခဲ့သည်။

ပြောကြား

တရုတ်နိုင်ငံ၏ စိုက်ပျိုးရေး မဖြစ်ထွန်းသည့် ဒင်ဇီမြို့သို့ သွားရောက်ခဲ့ပြီး ဆင်းရဲနွမ်းပါးသည့် လယ်သမားမိသားစု တစ်စုဖြစ်သော ယမ်ဝမ်ဘိုမိသားစုနေအိမ်သို့ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်၏နျူအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက်သာဖြစ် အမေရိကန်တို့အလိုကျ လိုက်နာရန်အကြောင်းမရှိ နျူကလီးယား အစီအစဉ်ရပ်ဆိုင်းရန်တောင်းဆိုမှု အီရန်ပယ်ချ

တီဟီရန် ဖေဖော်ဝါရီ ၂၃

အီရန်နိုင်ငံသည် နျူကလီးယား အစီအစဉ်များကို ရပ်ဆိုင်းရန်အကြောင်း မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းစွာ အသုံးပြုရေးကို ဦးတည်၍ဖြစ်ကြောင်း၊ အမေရိကန်တို့ အလိုကျ မိမိတို့မလိုက်နာနိုင်ကြောင်း အီရန် နျူကလီးယားအေဂျင်စီ၏ ဒုတိယအကြီးအကဲ မိုဟာမက်ဆတ်ဒီက ဖေဖော်ဝါရီ ၂၂ရက်၌ ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပြီး လက်တွေ့၌လည်း မိမိတို့၏ နျူကလီးယားအစီအစဉ်များကို တာဝန်ရှိသူအချို့အား ပြသခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြောကြား

အီရန်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၇၃၇ကို မလိုက်နာခြင်း မဟုတ်ကြောင်း၊ သို့သော် အမေရိကန်တို့ တောင်းဆိုမှုသည် ကုလသမဂ္ဂက သတ်မှတ်ထားသော အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီမှု မရှိကြောင်း မိုဟာမက်ဆတ်ဒီက ပြောကြားသည်။

တောင်းဆို

အမေရိကန်တို့က အီရန်သည် နျူကလီးယား လက်နက်များ ထုတ်လုပ်ရန် ကြံစည်နေခြင်းအတွက် နျူကလီးယား အစီအစဉ်ကို လုံးဝ ရပ်ဆိုင်းရမည်ဟု တောင်းဆိုချက်အပေါ် မိုဟာမက်ဆတ်ဒီက ပယ်ချလိုက်ခြင်း ဖြစ်သည်။

(အင်တာနက်)

အမေရိကန် ရဟတ်ယာဉ် ဘဂ္ဂဒက်၌ ပစ်ချခံရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ အမေရိကန် ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်း သေနတ်သမားများ၏ပစ်ချခြင်း ခံခဲ့ရကြောင်း၊ လေယာဉ်ပေါ်တွင် တပ်ဖွဲ့ဝင် ကိုးဦးလိုက်ပါသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပစ်ချခံရ

ယင်းရဟတ်ယာဉ်သည် အီရတ်၌ တစ်လအတွင်း ပစ်ချခံရသည့် ရှစ်စင်းမြောက် ရဟတ်ယာဉ်ဖြစ်ကြောင်း၊ ၎င်းရဟတ်ယာဉ်သည် လက်နက်ငယ်များနှင့် လောင်ချာများဖြင့် ပစ်ချခံရခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဥရောပ ကျောက်ခေတ်လူသားများ အအေးလွန်မှုကြောင့်ကွယ်ပျောက်ရ

လန်ဒန် ဖေဖော်ဝါရီ ၂၃

ရာသီဥတုအအေးလွန်မှုကြောင့် ဥရောပ ကျောက်ခေတ်လူသားတို့ မျိုးသုဉ်းပျောက်ကွယ်သွားရသည်ဟု ဂျီဘရော်တာပြတိုက်နှင့် စပိန်မှ ကျွမ်းကျင်သူများက ကောက်ချက်ချသည်။

ပြသ

ဥရောပတိုက်ဒေသ အများအပြားမှ ကျောက်ခေတ်လူသားတို့မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀၀၀ခန့်က သေဆုံးကုန်သည်ဟု ယူဆခဲ့ကြသော်လည်း လောလောဆယ် စူးစမ်းတွေ့ရှိချက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း ၂၄၀၀၀ခန့်က ရာသီဥတု အအေးလွန်ကဲမှုကြောင့်သာလျှင်ဖြစ်ကြောင်း ပြသနေသည်ဆိုသည်။

ပျောက်ကွယ်သွား

ရာသီဥတုဆိုးရွားမှုကြောင့် မိုးခေါင်ရေရှားရကြောင်း၊ သို့ဖြင့် သောက်သုံးရေပြတ်ကာ လူသားတို့ တောလိုက်သတ်ဖြတ်စားသောက်သည့် တိရစ္ဆာန်များ သေဆုံးကုန်သည့်အတွက် ကျောက်ခေတ်လူသားတို့ ဆက်လက်အသက်ရှင်နေထိုင်ရန် ခက်ခဲပြီး ပျောက်ကွယ်သွားရခြင်း ဖြစ်ဖွယ်ရှိသည်ဆိုသည်။ ထို့အပြင် ပင်လယ်တွင်း စီးဝင်သည့် မြစ်ရေမှာလည်း ရေထုထိုးကျသွားရသည်ဆိုသည်။

(အင်တာနက်)

အင်ဒိုနီးရှားတွင် ငါးဖမ်းသင်္ဘောနစ်မြုပ် ရေလုပ်သား ၁၂ ဦး သေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၂၃

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ကာလီမန်တန် ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၉ရက်က ရေလုပ်သား ၁၃ဦးပါ ငါးဖမ်းသင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ကြောင်း၊ တစ်ဦးသာ အသက်ရှင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်က ပြောကြားခဲ့သည်။

အသက်ရှင်သူ အမီရတ်ဒင်ကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲပိုင်းက ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းပြည်နယ်မြို့တော် ဆိပ်ကမ်းလုံခြုံရေး ပြောရေးဆိုခွင့်ရှိသူ ရဟတ်ဂျိုဆစ်(စ်) ဝမ်ဟိုက ထုတ်ဖော် ပြောကြားခဲ့သည်။

ဒေသတွင်း ဆေးရုံတွင် ဆေးကုသမှုခံယူနေသူ အမီရတ်ဒင်က ၎င်းတို့၏ သင်္ဘောသည် အင်ဂျင်ချွတ်ယွင်း၍ စက်ပြင်ရန် ပင်လယ်ပြင်တွင် ရပ်တန့်စဉ် လှိုင်းလုံးကြီးတစ်ခုက သင်္ဘောကို ဝါးမျိုသွားခဲ့ကြောင်း ပြောကြားချက်ကို အမျိုးသား အန်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ခြေလေးချောင်းပါရှိသော ဘဲလေး

ခြေလေးချောင်းပါရှိသော ဘဲလေးတစ်ကောင်ကို တွေ့ရစဉ်။ (အောက်ပုံ)

အင်္ဂလန်နိုင်ငံ ဟမ်ရှိုင်းမြို့တွင် ဘဲမွေးမြူရေးခြံတစ်ခြံ၌ ပေါက်ဖွားလာသော ဘဲလေးတစ်ကောင်သည် ခြေထောက်လေးချောင်းပါရှိကြောင်း သိရသည်။ ၎င်းအပိုခြေထောက်နှစ်ချောင်းမှာ ပုံမှန်ခြေထောက်နှစ်ချောင်းနောက်တွင် ပါရှိလာခြင်းဖြစ်သည်။

(အင်တာနက်)



စွမ်းရည်ပြသနေသော မျောက်နှင့်ဆိတ်

စွမ်းရည်ပြသနေသော ဆိတ်နှင့်မျောက်တို့အား တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ နန်နင်းမြို့၌ ကြိုးတန်းပေါ်ရှိ ခြေတင်ခုံပေါ်တွင် ဆိတ်တစ်ကောင်က မတ်တပ်ရပ်ပြပြီး ၎င်းဆိတ်၏ ဦးခေါင်းပေါ်တက်၍ မျောက်တစ်ကောင်က ကျွမ်းထိုးပြနေသည်ကို တွေ့ရသည်။

(အင်တာနက်)

မြန်မာ့ယဉ်ကျေးမှု၊ အလှနှင့် သဘာဝကို ဖော်ကျူးပြသထားသည့် ဓာတ်ပုံပြပွဲ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံတစ်ဝန်းမှ သဘာဝအလှအပရှုခင်းများ၊ တိုင်းရင်းသားတို့ ရိုးရာဓလေ့ဝတ်စားဆင်ယင်မှုများကို တစ်နေရာတည်း၌ တစ်ဝကြီး ကြည့်ရှုခံစားနိုင်ရန်အတွက် different-3 ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဂရင်းမီးရထားဟိုတယ် ပထမထပ်၌ ဖေဖော်ဝါရီ ၂၄ ရက် (ယနေ့) **မှ မတ် ၄ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။**

တွေ့ဆုံခဲ့

စိတ်ဝင်စားဖွယ် ကောင်းသော different-3 ဓာတ်ပုံပြပွဲ စီစဉ်သူများဖြစ်သော စိန်မျိုးမြင့်၊ မောင်မောင်လှမြင့်(ပန်းချီ) နှင့် ပုဂံမောင်မောင်တို့အား မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

စိန်မျိုးမြင့်

ရှေးဦးစွာ ဓာတ်ပုံပြခန်းအတွင်း ဓာတ်ပုံများ ချိတ်ဆွဲပြင်ဆင်နေသော စိန်မျိုးမြင့်အား ဓာတ်ပုံပြပွဲ ခင်းကျင်းပြသရမှုနှင့် ပတ်သက်၍ မေးမြန်းရာ "မြန်မာနိုင်ငံ တစ်ဝန်းမှာရှိတဲ့ ရှားပါးပြီး မြင်တွေ့ရခဲ့တဲ့ မြင်ကွင်းတွေကို ကိုယ်မြင်တွေ့ခံစားရသလို ပြည်သူတွေလည်း ကြည့်ရှုခံစားရအောင် အခုလို ဓာတ်ပုံပြပွဲ စီစဉ်ဖြစ်တာပါ။ ဒီလိုဓာတ်ပုံတွေကို အချိန်အများကြီးယူပြီး ရိုက်ယူစုဆောင်းခဲ့ကာ ခရီးတွေလည်းထွက်ခဲ့ကြပါတယ်။ ကျွန်တော်တို့သုံးဦးအတွက်က ပထမဆုံး ဓာတ်ပုံပြပွဲပါပဲ"ဟု ရှင်းပြသည်။

အလှအပရှုခင်း

ထို့အပြင် "မြန်မာနိုင်ငံရဲ့ အလှအပရှုခင်းတွေကို နိုင်ငံခြားခရီးသွား ဧည့်သည်တွေကိုလည်း မြင်တွေ့ခံစားစေချင်တယ်၊ ရောက်ခဲ့တဲ့နေရာတွေရဲ့ မြင်ခဲ့တဲ့ ရှုခင်းတွေကိုကြည့်ရှုသူတွေပိုပြီးလေ့လာခံစားလို့ရအောင် ၂၀x၃၀ လက်မ ဆိုက်ကြီးတွေချည်းပဲပြုလုပ်တင်ပြထားတာမို့ ဓာတ်ပုံပြပွဲကို လာရောက်လေ့လာကြည့်ရှုတဲ့သူတွေအတွက် အဆင်ပြေစေမှာပါ"ဟုလည်း ဦးစိန်မျိုးမြင့်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ထူးခြားစွာ

စိန်မျိုးမြင့်၏ ဓာတ်ပုံများမှာ ဆလိုက်ရောင်စုံဓာတ်ပုံ ၂၀ ပါဝင်ပြီး "Rigid" ဟု အမည်ပေးထားသော ဓာတ်ပုံမှာ နာဂနှစ်သစ်ကူးပွဲတော်သို့ လာရောက်ဆင်နွှဲသူ နာဂတိုင်းရင်းသူတစ်ဦး၏ ဓာတ်ပုံဖြစ်ပြီး သဘာဝကျလှသည်။ နာဂတိုင်းရင်းသူတို့၏ ရိုးရာဝတ်စားဆင်ယင်မှုကို ထူးခြားစွာ တွေ့မြင်ရသလို စိတ်ဝင်စားစရာလည်း ကောင်းလေသည်။

မောင်မောင်လှမြင့်(ပန်းချီ)

နောက် ဓာတ်ပုံဆရာတစ်ဦးမှာ မောင်မောင်လှမြင့်(ပန်းချီ)ဖြစ်သည်။ ပန်းချီဘက်တွင် အောင်မြင်သလို၊ ဓာတ်ပုံပညာဘက်တွင်လည်း လက်စွမ်းပြ ရိုက်ကူးနိုင်သူဖြစ်ကြောင်း သူ၏ ဓာတ်ပုံများက ပြသနေသည်။ "ကျွန်တော်က အခုပွဲမှာ ဓာတ်ပုံ၁၀ ပုံ ပြထားတယ်။ ပန်းဝါ၊ အင်းလေး၊ ရွှေစက်တော်၊ ပန်ဆောင်မြို့ရှုခင်း၊ ကယားပြည်နယ်နဲ့ ပြည်မြို့ဘက်က ရှုခင်းအလှ ဓာတ်ပုံတွေပါ။ ပန်းချီဆွဲဖို့ ခရီးထွက်ရင်း ဓာတ်ပုံတွေရိုက်ဖြစ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဓာတ်ပုံတစ်ပုံဟာ အလင်းကို ပြတာလား၊ အရောင်ကိုပြတာလား၊ ပြတ်သားမှုကိုပြတာလား ဒီလို ရည်ရွယ်ချက်နဲ့ရိုက်ပြီး အဲဒီအထဲမှာ ခံစားမှုဖြစ်ပေါ်အောင်လုပ်နိုင်ရင် အသက်ဝင်လှုပ်ရှားတဲ့ ဓာတ်ပုံတစ်ပုံဖြစ်လာမယ်" ဟု မောင်မောင်လှမြင့်(ပန်းချီ)က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဓာတ်ပုံမှာ ခံစားမှုပေါ်အောင် လုပ်နိုင်ရင် အသက်ဝင်လှုပ်ရှားတဲ့ ဓာတ်ပုံဖြစ်လာမှာပါ"
မောင်မောင်လှမြင့် (ပန်းချီ)

"မြန်မာနိုင်ငံ တစ်ဝန်း မြင်တွေ့ရခဲ့တဲ့ ရှုခင်းနဲ့ တိုင်းရင်းသားတို့ရဲ့ ဝတ်စားဆင်ယင်မှုကို ပြည်သူတွေ မြင်တွေ့စေချင်"
စိန်မျိုးမြင့်

အတတ်ပညာပိုင်း

ထို့အပြင် ခေတ်မီနည်းပညာတွေကြောင့် ဓာတ်ပုံကောင်းတစ်ပုံကိုရရန် လွယ်ကူလာသော်လည်း ကင်မရာနောက်မှ ဓာတ်ပုံဆရာရဲ့ အတတ်ပညာပိုင်းက ပိုအရေးကြီးကြောင်း၊ ဓာတ်ပုံဆရာ၏ အရည်အချင်းအပေါ်လိုက်ပြီး ဓာတ်ပုံကောင်းထွက်လာမည်ဖြစ်ကြောင်းလည်း မောင်မောင်လှမြင့် (ပန်းချီ) က မြန်မာ့အလင်းသို့ ပြောကြားသည်။

မောင်မောင်လှမြင့် (ပန်းချီ) ၏ ဓာတ်ပုံများအနက် "မင်္ဂလာရှိသော နံနက်ခင်း" ဟု အမည်ပေးထားသော ဓာတ်ပုံကို လေ့လာမိသည်။ ပန်းဝါရှိ ဘုရားကုန်းပေါ်မှ မြင်တွေ့ရသော ရှုခင်းကို နံနက်ခင်းပိုင်း၌ ရိုက်ကူးထားခြင်းဖြစ်သည်။ နေရောင်ကျနေသော မြင်ကွင်း၊ အရိပ်ကျနေသော အစိတ်အပိုင်းများကို အပေါ်စီးမှ အနီးအဝေး ရှုထောင့်မှန်ကန်စွာ ရိုက်ကူးထားရာ ပန်းဝါသို့ ရောက်ရှိနေသလို ခံစားရအောင် လက်စွမ်းပြနိုင်လေသည်။ တောတောင်၊ မြူခိုးတို့ကားအမြင်၌ လွမ်းမောဖွယ်ရာပင်ဖြစ်သည်။

ပုဂံမောင်မောင်၏ "မင်္ဂလာစေတီပေါ်မှ ပုဂံရှုခင်း"ဓာတ်ပုံမြင်ကွင်းကလည်း မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေကို ဤသို့ ထင်ဟပ်ဖော်ကျူးလျက်ရှိသည်။

ပုဂံမောင်မောင်

နောက်ထပ် ဓာတ်ပုံဆရာတစ်ဦးမှာ ပုဂံမောင်မောင်ဖြစ်သည်။ "ဓာတ်ပုံရိုက်လာတဲ့ သက်တမ်းက ၂၅ နှစ်ကျော်ပါပြီ။ ပုဂံမှာနေတာမို့ ပုဂံရဲ့ မြင်တွေ့ရန် ခဲယဉ်းလှတဲ့ မြင်ကွင်းဓာတ်ပုံတွေကို ရအောင်ရိုက်ယူပြသထားပါတယ်။ ကျန်တာတွေလည်းမြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တာချီလိတ်၊ ကျိုင်းတုံ၊ အင်းလေးဖောင်တော်ဦး၊ ပုသိမ်၊ ပြည်နဲ့ ပေလီစတဲ့ ရှုခင်းဓာတ်ပုံတွေ ပုံ ၂၀ ခင်းကျင်းပြသထားပါတယ်" ဟု ပုဂံမောင်မောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် ယနေ့ကာလလူငယ် ဓာတ်ပုံဆရာတွေကြိုးစားကြောင်း၊ ဓာတ်ပုံကို စိတ်ဝင်စားသူ များလာကြောင်း လူငယ်တွေ မိမိတို့ထက် ပိုတော်တာ၊ ပိုတတ်တာ မြင်တွေ့လိုကြောင်း၊ မိမိတို့ လက်ရာများကို ကြည့်ပြီး ဒီထက် ပိုကောင်းသော ဓာတ်ပုံများ ခင်းကျင်းပြသနိုင်ရန် ကြိုးစားကြစေလိုကြောင်းလည်း ပုဂံမောင်မောင်က ပြောကြားသည်။

"လူငယ်ဓာတ်ပုံဆရာတွေ မိမိတို့ထက် ပိုတော်ပြီး ဓာတ်ပုံလက်ရာ ပိုကောင်းရင် ဝမ်းသာစရာပါ"
ပုဂံမောင်မောင်

ရှုမောဖွယ်

ပုဂံမောင်မောင်၏ ဓာတ်ပုံလက်ရာ ၂၀ အတွင်းမှ "မင်္ဂလာစေတီပေါ်မှ ပုဂံရှုခင်း" အမည်ရှိဓာတ်ပုံမှာ နောက်ဘက်၌ မိုးရွာနေပြီး ရှေ့ဘက်၌ အာနန္ဒာဘုရားပေါ် နေအလင်းရောင်ထိုးကျနေပုံကို လျှပ်တစ်ပြက်အချိန်အတွင်း ရိုက်ယူထားသောပုံ ဖြစ်သည်။ ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းပါပေ။

different-3 ဓာတ်ပုံပြပွဲကား ဝါသနာရှင်တို့အကြိုက် စိတ်အာရုံကို ဖမ်းစားနိုင်စွမ်းရှိမည်ဖြစ်ရာ မြန်မာ့အလှ မြန်မာ့ရှုခင်းများကို တစ်ဝကြီး ကြည့်ရှုလေ့လာခံစားနိုင်စေမည့် လက်စွမ်းပြထားသော ဓာတ်ပုံပြပွဲ တစ်ရပ်ပင် ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခေတ်မီနည်းပညာများကြောင့် ဓာတ်ပုံကောင်း တစ်ပုံကိုရရန် လွယ်ကူသော်လည်း ကင်မရာနောက်မှ ဓာတ်ပုံဆရာ၏ အတတ်ပညာပိုင်းက ပိုအရေးကြီး၊ ဓာတ်ပုံဆရာ၏ အရည်အချင်းအပေါ် လိုက်ပြီး ဓာတ်ပုံကောင်း ထွက်လာမည်။



မောင်မောင်လှမြင့် (ပန်းချီ) ၏ "မင်္ဂလာရှိသောနံနက်ခင်း" ဓာတ်ပုံကလည်း အနီးအဝေး အနိမ့်အမြင့် အယူအဆ တည်းဖြတ်မှု ကောင်းမွန်သေသပ်လှသည်။

နာဂ တိုင်းရင်းသူ

စိန်မျိုးမြင့်၏ ရိုက်ချက်ဖြစ်သော "Rigid"ဟု အမည်ပေးထားသော နာဂတိုင်းရင်းသူ တစ်ဦး၏ ဓာတ်ပုံ အယူအဆကို ဤသို့ တွေ့နိုင်သည်။

24-2 (06) 1 2/24/07, 1:55 PM

ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး ဝိုင်းဝန်းပါဝင်
ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသည့်လူငယ်များ အခြေခံဖွဲ့စည်း ချမှတ်ပေးလိုက်သည့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၁၈ရက် ညနေ ၅နာရီက မန္တလေးမြို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက အသင်းဝင်များ၏ လူမှုရေး ဆောင်ရွက်မှုများ၊ သင်တန်းဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အရည်အချင်း ပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက် မြင့်မားသည့် အသင်းဝင်များဖြစ်ရန် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်သစ် ထူထောင်ရေးတွင် အရည်အချင်းပြည့်ဝသော အရေအတွက်များအဖြစ် ထိရောက်စွာ ပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက် နိုင်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသည့်လူငယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း အသင်းကြီးက ချမှတ်ပေးလိုက်သည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကျိုးရှိသည့် အကောင်အထည်ဖော်မှုများဖြင့် နယ်မြေလူထုအကျိုး၊ နယ်မြေလူထုလိုအပ်ချက်များကို သယ်ပိုးဆောင်ရွက်ကြရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက် လုပ် ရန် အတွက် နှစ်ဖက်သော မိဘများကို ရည်စူး၍ ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ် ၂၂၂၅ ဖေယျဝတီအရှေ့(၇)လမ်းနေ ဦးအောင်ကြိုင်-ဒေါ်တင်တင်မော်၊ သားသမီးများဖြစ်သော မနီလာဝင်း၊ မောင်ထွန်းနေဇာ၊ မောင်လွှမ်းမိုးနောင်၊ မစုခေတ်ဝင်း သားသမီး၊မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မွှောစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် တူရကီကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် စီးပွားရေးလုပ်ငန်း အသင်းများမှ ကိုယ်စားလှယ်များအား Spring Int'l Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Murat Kucukdugenci သည် ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲ ၁နာရီခွဲက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ပါဝင်တက်ရောက်ရေးဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တူရကီနိုင်ငံ TUSKON စီးပွားရေး အဖွဲ့အစည်းတို့ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဧပြီ ၇ရက်နှင့် ၈ရက်တို့တွင် တူရကီနိုင်ငံ Istanbul မြို့၌ ကျင်းပမည့် Turkiye-Pacifice Foreign Trade Bridge အစီအစဉ်သို့ မြန်မာစီးပွားရေး လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

တူရကီနိုင်ငံ၌ ကျင်းပမည့် အဆိုပါ အစီအစဉ်သို့ တက်ရောက် လိုသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် အသင်းချုပ်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ်ကြပ်မတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် သန့်ရှင်း သာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းအကြား မန္တလေးလမ်း ရေနုတ်မြောင်းမကြီး ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်နှင့် နုန်းများ ရှင်းလင်းဆယ်ယူနေမှု၊ ရေနုတ်မြောင်းအကာ ကွန်ကရစ်နံရံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် အထက်ပန်းဆိုးတန်းလမ်းနှင့် သိမ်ဖြူလမ်းအကြား ဗိုလ်မင်းရောင်လမ်း ရေနုတ်မြောင်းမကြီး အကာကွန်ကရစ်နံရံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမှ ကမာကြည်တံတားအထိ လမ်းအရှည်ပေ ၄၄၀၀၊ အကျယ် ၄၈ပေရှိ ကမာကြည်လမ်းကို ကတ္တရာကွန်ကရစ်ခင်းရန် ဆောင်ရွက်ထားရှိမှုနှင့် လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအထိ လမ်းအရှည်ပေ ၁၁၃၅၀၊ အကျယ် ၆၆ပေရှိ အင်းစိန်လမ်းမကြီးကို ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပြီးစီးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ်ကြပ်မတ် ဆောင်ရွက်ရေး၊ အလေအလွင့်မရှိစေရေး မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၇ရက်က သာကေတမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၉)တွင် ဆရာတော်အရှင်ဆေကိန္ဒက ကျောင်းသားကျောင်းသူ ၆၀၀ ကျော်တို့အား အာဟာရအလှူတော်မင်္ဂလာ ကြက်သားဆန်ပြုတ် ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းညွန့်နှင့် ဆရာမများက ဆရာတော်ကိုယ်စားကျွေးမွေးကြစဉ်။ (၂၅၈)

ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့်ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်းစက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်းအနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း- ၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း- ၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာကားများ ယခုအပတ်မဝင် နိုင်ငံခြားဇာတ်ကားသစ်များ ရုံဝင်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိသေးဘဲ နိုင်ငံခြားဇာတ်ကားသစ်များသာ ရုံဝင်လာသည်။ သမ္မတရုံတွင် Deja Vu၊ သွင်ရုံတွင် Dragon Tiger Gate၊ မင်္ဂလာရုံတွင် House of Flying Daggers၊ ရှေ့ဆောင်ရုံတွင် World Trade Center၊ နေပြည်တော်ရုံတွင် Rob. B. Hood ဇာတ်ကားများ ပြသလျက်ရှိသည်။

Rob.B.Hood တွင် အက်ရှင်မင်းသားဂျက်ကီချန်းခေါင်းဆောင်ပါဝင်ထားပြီး ပြန်ပေးဆွဲလာသော ကလေးငယ်အား ပြန်လည်ကယ်တင်လိုက်နိုင်ပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

မြို့မရုံတွင် အက်ရှေးကူးမား၊ စူနီးလ်ရှက်သီး၊ဂျက်ကီရှရော့တို့ ခေါင်းဆောင် ပါဝင်ထားသော အင်္ဂလိပ်စာတန်းထိုး Aan အိန္ဒိယ ဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုန်ရုံမြေညီထပ်တွင် အာဂျေးဒေ့ဗ် ဂန်၊ ပရီးသီးဇင်တာ၊ မာဒူရီးဒီးစစ်တို့ ပါဝင်သော အဆုံးမဲ့ချစ်ခရီးလမ်းအမည်ရ Yeh Raaste Hain Pyarke ရုံဝင်လာပြီး အပေါ်ထပ်တွင် ဗန်ဒိန်း ခေါင်းဆောင်ပါဝင်ထားသော Universal Soldier ဇာတ်ကားပြသလျက် ရှိသည်။ ပန်းပျိုးသူတို့အလင်္ကာမှာ ဝဇီရာနှင့် ဝဇီရာရုံ(၂)၌ ပြဆဲဖြစ်သည်။

နုငယ် နုတယ် နုရယ် ဇာတ်ကားမှ နိုင်းနိုင်းနှင့်နန္ဒာလှိုင်။

ဒုတိယမြောက် ဟန်းနီးမွန်း ဇာတ်ကားမှ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်။

ရွှေမန်း၊ ဘုရင့်နောင်၊ ဧရာဝတီရုံများတွင် ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **ဒုတိယမြောက်ဟန်းနီးမွန်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားဆက်လက်အောင်ပွဲခံလျက်ရှိသည်။ မဟာမြိုင်ရုံတွင် **နုငယ် နုတယ် နုရယ်** ဗီဒီယိုဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ ရဲဝန်ထမ်းဟောင်းတစ်ဦး၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာချောချစ်စံ ရိုက်ကူးသည့် **သရီးအိုသရီး** ဗီဒီယိုဇာတ်ကားမှာ နဝဒေးရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ ကွက်ခိုင်၊ကောင်းခါး၊လွယ်ခမ်၊ တာမိုးညဲဒေသများတွင် သွားရောက်ရိုက်ကူးထားကြောင်း သိရသည်။ သူထူးစံ၊ မေသဉ္ဇာဦး၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ မေထွဋ်ခေါင်၊ အယ်လ်ဂျူးလီ၊ စပယ်မိုးတို့ ပါဝင်ထားသည်။

ဒါရိုက်တာမောင်မောင်ဦး (စန္ဒီးဝိုက်)ရိုက်ကူးပြီး နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားသော **မမေ့နိုင်** ဗီဒီယိုဇာတ်ကားမှာ စံပြ၊ရွှေမန်းနှင့်သီတာရုံများတွင် ရုံဝင်လာသည်။ ချစ်ခြင်း၊မုန်းခြင်း၊ကြင်နာခြင်းလောကခံများကြားတွင် ချစ်ရလွန်းသောချစ်သူနှစ်ဦး၏ မမေ့နိုင်ဖွယ် ဇာတ်လမ်းတစ်ပုဒ်ကို ဖော်ကျူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

စိုက်ပျိုးထုတ်လုပ်မှုမှထွက်ရှိသည့် သီးနှံအများစု ပြည်တွင်းစားသုံးမှုဖူလုံမှုရှိရုံသာမက ပြည်ပသို့တင်ပို့နိုင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝမြင့်မားမှု အထောက်အကူပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာအခြေခံသင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး)၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

အမှာစကားပြော

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားများအား သီးနှံပေါင်းစုံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေကောင်းများနှင့် ပြည့်စုံနေသကဲ့သို့ နိုင်ငံသားအများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် နီးစပ်ယှဉ်ပါးကြသူများဖြစ်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုများမှ ထွက်ရှိသည့် သီးနှံအများစုသည် ပြည်တွင်း စားသုံးမှုကို ဖူလုံမှုရှိရုံသာမက ပြည်ပမှ လိုအပ်သည့် နိုင်ငံအသီးသီးကိုလည်း တင်ပို့ဖြည့်ဆည်းပေးနိုင်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်မှုအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်ခြင်းသည် ပြည်တွင်းသာမက နိုင်ငံတကာမှာပါ ဈေးကွက်ရှိသည့် လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပြည်ပ တင်ပို့မှုအခြေအနေကို လေ့လာကြည့်မည်ဆိုပါက ယခင်နှစ် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် သရက်သီးတန်ချိန်နှစ်သောင်း ခြောက်ရာကျော်မှ အမေရိကန် ဒေါ်လာ ၁၂သန်း၊ သခွားမွှေး တန်ချိန်တစ်သောင်း ခြောက်ထောင်ကျော်မှ အမေရိကန်ဒေါ်လာ လေးသန်း၊ မန်ကျည်းတန်ချိန် လေးထောင်ကျော်မှ အမေရိကန် ဒေါ်လာ ၁ဒသမ ၁သန်း၊ ဖရဲသီးတန်ချိန်ခုနစ်သောင်း သုံးထောင်ကျော်မှ အမေရိကန်ဒေါ်လာ ခြောက်သိန်း၊ ဆီးသီးတန်ချိန် သုံးထောင့်နှစ်ရာကျော်မှ အမေရိကန် ဒေါ်လာ ငါးသိန်း အသီးသီး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များအား အရည်အသွေးကောင်းကောင်းဖြင့် တိုးတက် တင်ပို့နိုင်ရန် ဈေးကွက်ဝင် သီးနှံများ ပိုမိုထုတ်လုပ်စနစ်တကျ တင်ပို့ ရောင်းချသွားနိုင်ရန် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း အရေအတွက်အရရော၊ အရည်အသွေးအရပါ ကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် ရည်မှန်း၍ ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပြီး အားပေးကူညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိ စိုက်ပျိုးလျက်ရှိသည့် သစ်သီးဝလံ အမျိုးပေါင်း ၇၀ ကျော်ရှိပြီး ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင် သီးနှံအမျိုးပေါင်း ၁၀၀ခန့် စိုက်ပျိုးနေကြောင်း၊ သစ်သီးဝလံ စိုက်ပျိုးမှုကိုကြည့်လျှင် ဧက တစ်သန်း နှစ်သိန်းခန့်ရှိပြီး ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုသည် ဧကတစ်သန်းခန့်ရှိနေကြောင်း၊ စားဖိုဆောင်သီးနှံဖြစ်သည့်ငရုတ်၊ ကြက်သွန်၊ အာလူးစသည့် သီးနှံများ၏ စိုက်ဧကသည် ဧက ခြောက်သိန်းခွဲရှိကြောင်း၊ ယနေ့ကမ္ဘာနှင့်အဝန်း နိုင်ငံအသီးသီး အနေဖြင့် လူသားများ၏ အာဟာရ လိုအပ်ချက်နှင့် ကျန်းမာရေးရှုထောင့်အရ စားသုံးမှုပုံစံမှာ ဆန်၊ အသား၊ ငါး၊ ဥစားသုံးမှုများထက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စားသုံးမှုအပေါ် ပိုမို အာရုံထားလာကြသည်ကို တွေ့ရှိရကြောင်း၊ ယခုသင်တန်းတွင် အဓိကကျသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ဈေးကွက်တင်ပို့ရောင်းချမှုဆိုင်ရာ ပညာရပ်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်၍ စိုက်ပျိုး ထုတ်လုပ်မှုအပိုင်းတွင်များစွာ အထောက်အကူပြုနိုင်ပြီး တိုးတက်အကျိုး ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ခင်းကျင်းပြသထားသည့် သစ်သီးဝလံများ၊ တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် စားသောက်ကုန်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ နည်းပညာပေးစာအုပ်စာစောင်များကို ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

တက်ရောက်

အဆိုပါသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာ အခြေခံသင်တန်း အမှတ်စဉ်(၂) သင်တန်းတွင် သင်တန်းသား ၅၂ ဦး တက်ရောက်၍ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ အခြေခံသင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲတွင် ခင်းကျင်းပြသထားသည့် သစ်သီးဝလံများ၊ တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် စားသောက်ကုန်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ နည်းပညာပေးစာအုပ် စာစောင်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် (၃၈)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သည့် အထက်တန်းပြ ဆရာဦးမင်းဇော်အား ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါ ကျောင်း၌ကျင်းပသော ဂုဏ်ပြုပွဲတွင် ကျောင်းသားဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်ကြစဉ်။ (က-ပ)

တောင်ငူအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

တောင်ငူအသင်း(ရန်ကုန်)၏ ဘွဲ့ခံဆရာတော်ကြီးများပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၄ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ဧယျာအောင်မြေကျောင်း ဓမ္မသုခတိုက် ကြားတောရလမ်း ဗဟန်း၌ပြုလုပ်မည်ဖြစ်ရာ (တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်) အသင်းသူ အသင်းသားများ၊ အသင်းမဝင်ရသေးသော နယ်သူနယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပညာရည်ချွန်ဆုပေးပွဲအတွက် (၂၀၀၅-၂၀၀၆)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်၊ အသင်းသားများ၏ သားသမီးများစာရင်းကို အထောက်အထားများနှင့်တကွ အမှုဆောင် ဦးထွန်းထွန်း ဖုန်း-၅၄၃၈၅၈၊ ၀၉-၅၀-၀၁၈၀၃၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅ နှင့် ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၈၅၀၉၊ ၀၉-၅၁-၂၅၄၄၅ တို့သို့ ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၀၇ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	ရွှေလင်ပန်းတံတား
၈:၁၅	၇။	တေးဂီတအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅	၆။	ကြားမြင်သုတပြည့် ဝစေရာ စာပဒေသာ
၁၂:၂၅	၇။	**"ရိုးသားစွာကြိုးစားပါ"** ထွန်းထွန်းဝင်း၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ ကြည်စိုး(အိုင်စီ)၊ မြင့်မြင့်ခိုင်၊ ဟိဏ်းထက်ဇော်၊ ဝီယ၊ မောင်သူရဦး [ဒါရိုက်တာ-မြင့်စိုး(ဝ/သ ရန်ကုန်)]
၁၃:၀၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၂၀	၉။	ဂုံညင်းတန်းတံတား
၁၃:၃၀	၁၀။	အကပြိုင်ပွဲ
၁၃:၄၅	၁၁။	**"မျှော်သူမမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄:၀၀	၁၂။	အတီးပြိုင်ပွဲ
၁၄:၁၅	၁၃။	သက်တံရောက်သံစဉ်
၁၄:၃၀	၁၄။	ငါ့သရောက်ရေလှောင်တမံ
၁၄:၄၅	၁၅။	International News
၁၅:၀၀	၁၆။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English For Everyday Use
၁၆:၄၀	၄။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) [စီးပွားရေးပညာ]
၁၇:၀၅	၆။	မြင်းခြံစိန်ဗိုလ်သင်းဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၁၇:၂၀	၇။	တေးဂီတအစီအစဉ်
၁၇:၃၀	၈။	ရွာပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	အလှရှာမယ်လှကမ္ဘာဝယ်
၁၉:၀၀	၁၂။	တွေ့ဆုံဆွေးနွေးရေး--- တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း-၅)
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၄)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသောနေ့ရက်များ"** (အပိုင်း-၂၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မဟာပရိတ္တတရားတော် (သီတဂူဆရာတော်အရှင်ဉာဏိသာရ)
၈:၁၀	ပျော်ရွှင်ကစားမြွေလှေကား
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (သစ်ခေါင်း ပျားမွေးမြူရေးသင်တန်း)
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	အဏ္ဏဝါ၏သားကောင်းများ
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅	အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည်
၁၀:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅	ကလေးတို့အတွက်လက်ဆောင် (အကျီ၊ ကျီးကန်း)
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲ
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	Movie Talk (Short Film) (အပိုင်း-၂)
၁၂:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၁၂:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၀	ဆီးသီး၏အသုံးဝင်မှုများ
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV -4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇:၁၀	Fulham-Man Utd	5-Sports(Live)
၉:၂၅	Charlton-West Ham	5-Sports(Live)
	Liverpool-Sheffield	5-Series(Live)
	Middlesbrough-Reading	5Cartoon(Live)
၁၁:၄၀	Watford-Everton	5-Series(Live)
၁၂:၀၀	Middlesbrough-Reading	5-Sports(SDD)

အထက(၁)အလုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အလုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက် ၅၅ နှစ်အထက်လုပ်သက် ၂၅ နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက တတိယအကြိမ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက် ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားပြီး ပူဇော်ပွဲအတွက် အစည်းအဝေးကို မတ် ၃ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်း ပူဇော်လိုသူများသည် ဆရာမ ဒေါ်မြင့်မြင့်စိန် ဖုန်း-၅၀၂၇၅၂၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင် ဖုန်း-၂၂၀၅၉၈၊ ဒေါက်တာလွင်လွင်ဦးလှိုင် ဖုန်း-၀၉-၅၁-၄၅၀၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)



ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

* ကျော်ဖုံးမှ

ထို့နောက် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရကလည်းကောင်း၊ ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ (၁၉ ကြိမ်မြောက်) အစည်းအဝေးကို ဖေဖော်ဝါရီ၂၄ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်ဘောဇဉ်များကို လှူဒါန်းလျက်ရှိရာ ယနေ့တွင်ရန်ကုန်မြို့ ပါရမီရိပ်သာ မြစံပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းနေ ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မတစ်စုတို့က ဆရာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၆၅ လမ်းနေ ရွှေသရဖူကုမ္ပဏီမှ ဦးကျော်ဝင်း–သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ဆွေဦး မိသားစုက ဖေဖော်ဝါရီ၂၀ရက်တွင် အရုဏ်ဆွမ်းအလှူ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြည်ထောင်စုလမ်းနေ ဦးမင်းသိန်း–ဒေါ်မိုးမိုး မိသားစုက နေ့ဆွမ်းအလှူ၊ ရန်ကုန်မြို့ တောင်ဥက္ကလာပ ဂေါက်ကွင်းနေ ဦးမြင့်ဦး–ဒေါ်ဘုတ် မိသားစုက ဖေဖော်ဝါရီ၂၁ ရက်တွင် အရုဏ်ဆွမ်းအလှူ၊ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၄၁ လမ်းနေ ဟသ်ာမင်းစာအုပ်ချုပ်လုပ်ငန်းမှဦးအေးတင်–ဒေါ်ကြူကြူ မိသားစုက နေ့ဆွမ်းအလှူ၊ ရန်ကုန်မြို့ တာမွေမြို့နယ် ၁၄၈ လမ်းနေ ဦးတင်မိုး–ဒေါ်အေးရှင်၊ ဦးစိန်ဝင်း–ဒေါ်မဠူထွန်း မိသားစု၊ ဦးအောင်နိုင်ထွန်း (ခ) အောင်အောင်–မစိုးစိုးအေးတို့က ဖေဖော်ဝါရီ၂၂ ရက်တွင် တစ်နေ့တာဆွမ်းအလှူတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံး၏ ယုံကြည်ကိုးစားအားထားရာ သံဃာ့အဖွဲ့အစည်းကြီးဖြစ် အားထားလောက်သောဂုဏ်နှင့်ပြည့်စုံအောင် သတိသမ္ပဇဉ်တရား အမြဲမှန်နေရန်လိုအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ (၁၉) ကြိမ်မြောက် အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မြွက်ကြားတော်မူသော အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဧကူနဝီသတိမ (၁၉) ကြိမ်မြောက် အစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျောင်းတိုက်ကိစ္စစသည်တို့ကို ငဲ့ကွက်မပြု လျစ်လျူရှုတော်မူကြ၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုတော်မူကြလျက် ကာယ၊ စိတ္တ နှစ်ဝအညီ သာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသည့်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဤအစည်းအဝေးသည် ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဧကူနဝီသတိမ)အစည်းအဝေးဖြစ်၍ ပဋ္ဌမအကြိမ် ခြောက်နှစ်သက်တမ်းအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နောက်ဆုံးအစည်းအဝေး ဖြစ်ပါသည်ဘုရား။

ဆဋ္ဌအကြိမ် ခြောက်နှစ်သက်တမ်းတွင် ပထမသုံးနှစ်သက်တမ်းအတွက် ၂၅ရာခိုင်နှုန်းအနားယူတော်မူခြင်း၊ အစားထိုးရွေးချယ်ခြင်းများကိုလည်း သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစီမံချက် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်တော်မူကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ အစားထိုးရွေးချယ်ခြင်းများကို ဆောင်ရွက်တော်မူကြရာ၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလဖြစ်တော်မူကြသော ဆရာတော် အရှင်မြတ်များကို စိစိစစ်စစ်ရွေးချယ်တော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၌ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလဖြစ်တော်မူကြသော ဆရာတော်အရှင်မြတ်များ များစွာပါဝင်လာမှသာ သာသနာတော်သန့်ရှင်းရေး၊ သာသနာတော်အဓွန့်ရှည်စွာ တည်တံ့ရေး၊ သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးဟူသော တပည့်တော်တို့၏ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ အားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာတစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီးဖြစ်ပါသည်ဘုရား။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည့် အလျောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ယုံကြည်ကိုးစားအားထားလောက်သော ဂုဏ်နှင့်ပြည့်စုံအောင် သတိသမ္ပဇဉ် အမြဲယှဉ်နေတော်မူကြရန် အထူးလိုအပ်လှပါသည်ဘုရား။ သို့မှသာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးလည်း နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့ ယုံကြည်ကိုးစား အားထားလောက်သော နက်နဲသော ဂမ္ဘီရပရိသတ်တွင် ပါဝင်နိုင်မည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

မြတ်စွာဘုရားသည် အင်္ဂုတ္တရပါဠိတော် ဒုကနိပါတ်ပရိသဝဂ်၌–

"ဒွေမာ ဘိက္ခဝေ ပရိသာ၊ ကတမာ ဒွေ ဥတ္တာနာ စ ပရိသာ ဂမ္ဘီရာစ ပရိသာ" စသည်ဖြင့် ပေါ်လွင်သော ဥတ္တာနပရိသတ်၊ နက်နဲသော ဂမ္ဘီရပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးကို ဟောတော်မူခဲ့ပါသည်ဘုရား။ **(အံ၊ ၁၊ ၇၀)**

ထိုနှစ်မျိုးတို့တွင် ဤသာသနာတော်၌ အပ်/မအပ်၊ အပြစ်ကင်း/မကင်း တွေဝေခြင်းအားဖြင့် ပျံ့လွင့်ကုန်သော၊ အနှစ်မပါ အချည်းနှီးသာဖြစ်လျက် မြင့်တက်လွင့်လူ ကျူရိုးနှင့်တူသော၊ မာနရှိကုန်သော၊ လျှပ်ပေါ်လော်လည်ကုန်သော၊ ရိုင်းစိုင်းကြမ်းကြုတ်သည့် စကားရှိကုန်သော (ဝါ) နှုတ်ထွက်ကြမ်းတမ်းကုန်သော၊ နှုတ်မစောင့်စည်းဘဲ ဖရိုဖရဲဖွာကြဲသောစကား ရှိကုန်သော၊ သတိလွတ်ကင်းကုန်သော၊ ကောင်းစွာဆင်ခြင် မသိမြင်တတ်ကုန်သော၊ တည်ကြည်မှု သမာဓိ မရှိကုန်သော၊ အာရုံအများ လှည့်လည်သွားနေသော စိတ်ရှိကုန်သော၊ လူ၏သွင်ပြင်ပေါ်လွင်သော ဣန္ဒြေရှိကုန်သော ရဟန်းတို့ ပါဝင်နေသော ပရိသတ်သည် ပေါ်လွင်သော ဥတ္တာနပရိသတ်မည်ပါသည်။ **(အံ၊ ၁၊ ၇၀)**

မပျံ့လွင့်ကုန်သော၊ မြင့်တက်လွင့်လူ ကျူရိုးနှင့်တူသော မာနမရှိကုန်သော၊ မလျှပ်ပေါ် မလော်လည်ကုန်သော၊ အပြောအဆို မကြမ်းတမ်းကုန်သော၊ နှုတ်စောင့်စည်းသဖြင့် ဖရိုဖရဲဖွာကြဲသော စကားမရှိကုန်သော၊ အာရုံ၌ကပ်၍တည်သော သတိရှိကုန်သော၊ ကောင်းစွာဆင်ခြင် သိမြင်တတ်ကုန်သော၊ တည်ကြည်မှုသမာဓိရှိကုန်သော၊ အာရုံတစ်ခုတည်း ရှိသည့် စိတ်ရှိကုန်သော၊ ဣန္ဒြေကို စောင့်စည်းကုန်သော ရဟန်းတို့ပါဝင်နေသော ပရိသတ်သည် နက်နဲသော ဂမ္ဘီရ ပရိသတ်မည်ပါသည်။

ဤပရိသတ်နှစ်မျိုးတို့တွင် နက်နဲသော ဂမ္ဘီရပရိသတ်သည် အမြတ်ဆုံးဖြစ်သည်ဟု မြတ်စွာဘုရားဟောတော်မူပါသည်ဘုရား။ **(အံ၊ ၁၊ ၇၀၊ ၇၁)**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား–

ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် နက်နဲသော ဂမ္ဘီရပရိသတ်ဖြစ်နေမှသာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော တပည့်တော်တို့၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် ဥဒ္ဒတ၊ ဥန္နဠအစရှိသော အပြစ်ဆယ်ပါးတို့ကိုပယ်ရှားပြုပြင် ဆင်ခြင်တော်မူကြ၍ အနုဒ္ဒတ၊ အနုန္နဠ အစရှိသော ဂုဏ်အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို နက်နဲသော ဂမ္ဘီရပရိသတ်တွင် ပါဝင်အောင် မြှင့်တင်ပေးတော်မူကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ
သဘာပတိ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့။

ဘွဲ့တံဆိပ်တော်ရဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့(ရန်ကုန်)က ကြီးမှူးပြီး အကြိမ်(၂၀)မြောက် ကျင်းပမည့် ဇန်နဝါရီ၄ ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၇) ဖြင့် ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွား သံဃာတော်အရှင်သူမြတ် ၂၃ပါးနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ လူပုဂ္ဂိုလ်တစ်ဦးတို့အား ချီးကျူး ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို (တပေါင်းလပြည့်ကျော်၁ ရက်) မတ်၃ ရက် (စနေနေ့) နံနက်၉ နာရီတွင် ရန်ကုန်မြို့ရှိ ရခိုင်ပြည်နယ်မှ မြို့နယ် အသင်းအဖွဲ့များ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရခိုင်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေထည့်ဝင်လိုသူများသည် ဥက္ကဋ္ဌ ဦးကျော်မင်း (အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရ) ဖုန်း–၀၉–၈၀–၃၄၉၆၃၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် (အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရ) ဖုန်း–၀၉–၉၉–၂၄၃၆၃၊ အတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း–၀၉–၅၁–၄၀၄၀၇၊ ဘဏ္ဍာရေးမှူး ဦးစောသိန်း ဖုန်း–၀၉–၅၀–၀၁၃၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဖေဖော်ဝါရီ၂၂ ရက်က Mo Asia Co.,Ltd. မှ ကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ dumilk (Dumex Full Cream) နို့မှုန့်များကို Nation Nutrition Manager Dr. Beauty Kyi နှင့် Nutrition Advisor Dr.Phyu Thin Shweတို့က ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းက လက်ခံယူစဉ်။ (က–ပ)

မိဘများဖြစ်ကြသော ဦးဘိန်းတောင်–ဒေါ်ရှုအင်းတို့အားရည်စူး၍ အမှတ် ၁၇ (E) ကမ္ဘောဇရိပ်သာ ဗဟန်းမြို့နယ်နေ သားသမီး မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

အလင်းကုသိုလ်

ခင်ဦး

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့၌ ၁၅-၂-၂၀၀၇ ရက်နေ့တွင် စည်ကားလို့နေပါတယ်။ မျှော်လင့်ချက်အပြည့်ဖြင့် ပီတိလွှမ်းနေတဲ့ မျက်နှာများနှင့် ဒေသခံများဟာ ပျားပန်းခပ်မျှ လှုပ်ရှားလို့နေကြပါတယ်။ ဆေးရုံရဲ့ရှေ့မှာတော့ အစိမ်းခံပေါ်မှာ အဖြူရောင်စာလုံးများဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြီးမှူးပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနားဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ထင်ထင်ရှားရှား တွေ့မြင်ရပါတယ်။ ကျွန်မဟာ ဆိုင်းဘုတ်ကိုဖတ်ပြီး ဆေးရုံဝင်းထဲသို့ ပရိသတ်နှင့် ရောနှော၍ အလိုလိုရောက်သွားပါတော့တယ်။

တိုကင်နံပါတ်ယူကြရန်၊ ဘယ်နေရာမှာ ပြသရန်နှင့် ဘယ်နေရာမှာ စောင့်ဆိုင်းကြရန် စသည်ဖြင့် ကြေညာပေးလျက်ရှိပါတယ်။ မျက်စိကုသခံမယ့် အဘိုး၊ အဘွားများကိုတော့ မဏ္ဍပ်အောက်တွင် ထိုင်ခုံများဖြင့် ထိုင်စောင့်နေကြတာကို တွေ့ရပါတယ်။ တစ်နေရာမှ တစ်နေရာသို့ မျက်စိဝေဒနာရှင်များ ကူးပြောင်းအစမ်းသပ်ခံဖို့ ကူညီဆောင်ရွက်ပေးနေကြသူများကတော့ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်များပဲ ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ ဝင်ရောက်လာတာကို တွေ့ရပါတယ်။ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က လာရာလမ်းတစ်လျှောက်ရှိ အဘိုး၊ အဘွားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်နေပါတယ်။

ပဒတ္တိုင်းကျေးရွာက အသက်(၈၃)နှစ် ရှိပြီဖြစ်တဲ့ အဘွားဒေါ်တင်ကြည်က မျက်စိနှစ်ဖက်စလုံး ရေးရေးသာမြင်ရပြီး အတွင်းတိမ်ရှိနေတဲ့အတွက် ခွဲစိတ်ကုသရမည်ဖြစ်ကြောင်း၊ အလှည့်မကျသေး၍ စောင့်ဆိုင်းနေကြောင်း ပြောပြပါတယ်။ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ကလည်း အားပေးစကားပြောကြားပါတယ်။

မျက်စိဝေဒနာပြသရန်အတွက် သုံးခွတစ်မြို့နယ်လုံးက စာရင်းပေးထားတဲ့ လူနာပေါင်း ၂၀၀၀ နီးပါး ရှိတယ်လို့ သိရပါတယ်။

ဆက်လက်ပြီး ဆေးရုံခန်းမဆောင်၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက **"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဟာ ချမှတ်ထားတဲ့ ရည်ရွယ်ချက်(၇)ရပ်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဘဝလုံခြုံရေး၊ စောင့်ရှောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း၊ လူမှုရေးအသင်းအဖွဲ့များအနေနဲ့ ပြည်သူလူထုအတွင်းရှိ မျက်စိခွဲစိတ် ကုသရန်လိုအပ်သည့်လူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ခွဲစိတ်ကုသမှုခံယူနိုင်ရန် ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်း မိမိတို့ ရပ်ရွာဒေသအတွင်းရှိ ပြည်သူလူထုအတွင်း မျက်မမြင်များနှင့် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သူများကို ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲမှ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရပ်ကွက်အတွင်း ကွင်းဆင်းပြီး မျက်စိရောဂါဝေဒနာရှင်များ ရှာဖွေကုသနိုင်ရန် ကူညီပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်နေကြောင်း"** စသည်ဖြင့် ပြောကြားခဲ့ပါတယ်။

ထို့နောက် ဒေသခံ စေတနာရှင်၊ လုပ်ငန်းရှင်များက အလှူငွေကျပ်သိန်း ၁၄၀ ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်က "ယခုလို အစီအစဉ်ဖြစ်မြောက်အောင် စီစဉ်ပံ့ပိုးပေးတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာရေးအတွက် ကုသပေးခြင်းသာမက လူနာများအတွက် စားသောက်ရေး အခက်အခဲမရှိအောင် အာဟာရဒါနလုပ်ငန်းပါ စီစဉ်ပေးထားပါကြောင်း" ပြောကြားပါတယ်။

သုံးခွမြို့နယ်တွင် ရပ်ကွက်(၁၂) ရပ်ကွက်နှင့် ကျေးရွာ(၆၄)ရွာရှိပြီး စိုက်ပျိုးရေးကို အဓိကထားတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ (ပဲအမျိုးမျိုး) အထူးသဖြင့် ပဲတီစိမ်းကို စီးပွားဖြစ် စိုက်ပျိုးတဲ့ မြို့နယ်ဖြစ်ပါတယ်။

ဆရာဝန်ကြီးများ၏ မျက်စိအလင်းကုသိုလ်ပြုစမ်းသပ်ကုသမှု ခံယူရန် ရောက်ရှိနေသောလူနာများအား လူမှုရေးအသင်းအဖွဲ့များက လိုက်လံအားပေးစဉ်။

ယခုလို အလင်းဒါနပွဲလေးဖြစ်မြောက်အောင် ကနဦးစီစဉ်ကြတဲ့အဖွဲ့ကတော့ သုံးခွမြို့နယ်အသင်းပဲ ဖြစ်ပါတယ်။ သုံးခွမြေပေါ်မှာ ကြီးပြင်းခဲ့ပြီး လုပ်ငန်းရှင်ကြီးများဘဝ ရောက်ရှိသွားသူတွေ စုပေါင်းကုသိုလ်ဖြစ်ပါတယ်။

လှကမ္ဘာပရိဘောဂပိုင်ရှင် ဦးစောလှိုင်နှင့် (Summit Co., Ltd.)ဦးအောင်သန်းတို့က "ကျွန်တော်တို့ သုံးခွမြို့နယ်အသင်းမှာ အသင်းသား ၁၀၀၀ ကျော် ရှိပါတယ်။ ကျွန်တော်တို့ အသင်း အစည်းအဝေးလုပ်ရင်း ဆွေးနွေးခဲ့ကြတာကတော့ ကျွန်တော်တို့ဟာ သုံးခွမြို့နယ်ကို အခြေခံပြီး စီးပွားရေးလုပ်ရာမှ ကြီးပွားချမ်းသာခဲ့ကြပါတယ်။ မိမိဒေသအတွက် အကျိုးပြုလုပ်ငန်းများ ဘာတွေလုပ်ပေးရမလဲလို့ ဆွေးနွေးတိုင်ပင်ရင်းကနေ ကျန်းမာရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ ယခုလို မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးနိုင်ရန်အတွက် ရန်ကုန်မြို့ မျက်စိအထူးကု ဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန် ဒေါက်တာနီလာသိန်းမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များရဲ့ အားကိုရယူပြီး လူနာများ၊ လူနာရှင်များရဲ့ စားရေး၊ နေရေးကအစ အစစအရာရာ တာဝန်ယူဆောင်ရွက်ထားပါတယ်။ ယခုပွဲမှာ ပဲတီစိမ်းကုန်သည်များ အပါအဝင် စေတနာရှင် ၃၄ ဦးက သိန်း ၁၄၀ ခန့်ကို စုပေါင်းထည့်ဝင်ခဲ့ကြပါတယ်"ဟူ၍ ရှင်းပြပါတယ်။

ဆရာ ဒေါက်တာတင့်နိုင်ကလည်း "ယခုလို ကွင်းဆင်းကုသပွဲမလုပ်ခင် ခွဲစိတ်ခန်းသုံး Air Con တစ်လုံး၊ ခွဲစိတ်ခုတင်သုံးလုံး၊ လိုအပ်တဲ့ ခွဲစိတ်ခန်းသုံး ပရိဘောဂနဲ့ လျှပ်စစ်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းပေးခဲ့ပါတယ်"လို့ ရှင်းပြခဲ့ပါတယ်။

မျက်စိကွင်းဆင်း ခွဲစိတ်ကုသရေး ဆရာဝန်များ အဖွဲ့ခေါင်းဆောင်ကတော့ ပါမောက္ခ ဒေါက်တာဦးကံညွန့်ပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင်ဦးဆောင်သော ဆရာဝန် ၁၅ဦးနှင့်အတူ ၁၅-၂-၂၀၀၇ ရက်မှ စပြီး ၁၇-၂-၂၀၀၇ရက်နေ့အထိ စမ်းသပ်ခြင်း၊ ဆေးထည့်ပေးခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်း၊ ခွဲစိတ်ကုသခြင်း၊ ရန်ကုန်ဆေးရုံကြီးသို့ ညွှန်းပို့ ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြပါတယ်။ မျက်မှန်စမ်းသပ်လူနာ ၈၄၄ ဦး၊ မျက်စဉ်းဆေးခတ်လူနာ ၅၃၅ ဦး၊ ခွဲစိတ်ကုသလူနာ ၂၅၈ ဦး၊ ရန်ကုန်သို့ လွှဲပို့လူနာ ၃၀၉ ဦးနှင့် ကုသ၍မရသော လူနာ ၁၄ ဦး ရှိကြောင်းနှင့် စုစုပေါင်း ၁၉၆၀ ဖြစ်ကြောင်း သိရှိရပါတယ်။

ဆရာကြီး ဒေါက်တာဦးကံညွန့်ကတော့ **"မျက်စိဆရာဝန်ရှိရာ လူနာတွေက မလာနိုင်ကြတဲ့ အခက်အခဲတွေရှိပါတယ်။ လူမှုရေးပြဿနာ၊ ပြုစုစောင့်ရှောက်သူ လူခွဲမရှိတဲ့ပြဿနာ၊ မှီခိုအားထားစရာ လူမရှိတဲ့ ပြဿနာ စသည်အားဖြင့် အခက်အခဲပေါင်းစုံ၊ ပြဿနာပေါင်းစုံ ရှိနေကြပါတယ်။ အဲဒီအခါမှာ အဲဒီပြဿနာတွေကို တစ်ခါတည်းဖြေရှင်းပြီးသားဖြစ်သွားအောင် မျက်စိဆရာဝန်တွေက လူနာတွေရှိရာသို့ စေတနာမေတ္တာတွေနဲ့ အရောက်လာပြီး လူနာတွေကို စုစည်း၊ ငွေကြေးတတ်နိုင်သူ၊ စေတနာသဒ္ဓါတရား ထက်သန်သူ၊ ကိုယ့်ရပ်ကိုယ့်ရွာအကျိုး သယ်ပိုးမြှင့်တင်လိုသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို အရင်းတည်ပြီး အခုလို အခမဲ့ မျက်စိလှူဒါန်းခွဲစိတ်မှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်"** လို့ ရှင်းပြပါတယ်။

ထို့နောက် တာဝန်ရှိသူများဟာ ခွဲစိတ်ကုသခန်း၊ စမ်းသပ်ကုသတဲ့နေရာများအနှံ့ သွားရောက်ကြည့်ရှု အားပေးကြပါတယ်။ တောင်သူလယ်သမားကြီးတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို တစ်နေရာတည်းမှာ တစုတဝေး ဆောင်ရွက်နေရတာကိုကြည့်ပြီး ဝမ်းသာပီတိ ဖြစ်ရလွန်းလို့ မျက်ရည်များတောင် လည်မိပါတယ်။

ဆက်လက်ပြီး သုံးခွမြို့နယ် အားကစားခန်းမကို သွားရောက်ခဲ့ကြပါတယ်။ အားကစားခန်းမမှာတော့ လူနာရှင်တွေရော၊ လူနာတွေကိုပါ ထမင်းဝိုင်း ၃၄ ဝိုင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျွေးမွေးလျက်ရှိပါတယ်။ တစ်သုတ်လျှင် လူဦးရေ ၂၀၀ ခန့် ကျွေးနိုင်ပြီး ငါးခြောက်ထောင်း၊ ချဉ်ရည်ဟင်းများဖြင့် မြိန်မြိန်ယှက်ယှက် စားသောက်နေကြပါတယ်။ ဆန် ၁၆ အိတ်၊ ငါးခြောက် အချိန် ၁၀၀ ကုန်ကြောင်း သိရပါတယ်။ ဆရာဝန်များနှင့် ဧည့်သည်များအတွက် မိုးကုတ်ဝိပဿနာရိပ်သာမှာ ဧည့်ခံပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စီမံရေးရာဌာနဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က လှူဒါန်းမှုများကိုကြည့်ပြီး ပီတိမဆုံးဖြစ်ကာ အစ်မတို့လည်း ကုသိုလ်ပါဝင်ရအောင်ဆိုပြီး ဦးဆောင်ထည့်ဝင်လိုက်ကြရာမှ စုစုပေါင်း အလှူငွေ တစ်သိန်း ငါးသောင်းငါးထောင်ရရှိပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နွယ်နွယ်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ပါတယ်။

ခွဲစိတ်၍ ပတ်တီးဖြေပြီး လူနာများကို မျက်စိသန့်ရှင်းရေးလုပ်ပေးခြင်း၊ မျက်စဉ်းခတ်ပေးခြင်း၊ မျက်မှန်တပ်ပေးခြင်းများကို ဆရာဝန်များအဖွဲ့က ဆောင်ရွက်ပေးခဲ့ကြပြီး ဒေါက်တာနီလာသိန်းက အတွင်းတိမ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောပြပါတယ်။

ဒေါက်တာနီလာသိန်းက **"အတွင်းတိမ်ဆိုတာ မျက်လုံးထဲက သဘာဝမှန်ဘီလူးလေးရဲ့ အကြည်ဓာတ်ပျက်ပြီး မှုန်ဝါးသွားတာကို ခေါ်ပါတယ်။ အတွင်းတိမ်ရောဂါဟာ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ဖြစ်နိုင်ပြီး အပူပိုင်းဒေသနှင့် နေရောင်ခြည်များစွာရရှိတဲ့ ဒေသတွေမှာ အဖြစ်များပါတယ်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အတွင်းတိမ်ဆိုတာ မျက်လုံးထဲက သဘာဝမှန်ဘီလူးလေးရဲ့ အကြည်ဓာတ်ပျက်ပြီး မှုန်ဝါးသွားတာကို ခေါ်ပါတယ်။ အတွင်းတိမ်ရောဂါဟာ အသက်အရွယ်မရွေး၊ လူမျိုးဘာသာမရွေး ဖြစ်နိုင်ပြီး အပူပိုင်းဒေသနှင့် နေရောင်ခြည်များစွာရရှိတဲ့ ဒေသတွေမှာ အဖြစ်များပါတယ်။ မျက်စိကွယ်စေနိုင်တဲ့ အဓိကရောဂါများကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်၊ ထိခိုက်ဒဏ်ရာ၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံခံလွှာ ပျက်စီးခြင်းနှင့် အသက်အရွယ်ကြီး၍ အမြင်လွှာရဲ့ ဗဟိုချက် ပျက်စီးယိုယွင်းခြင်းတို့ ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ဆောင်းပါးမှ

မျက်စိကွယ်စေနိုင်တဲ့ အဓိက ရောဂါများကတော့ အတွင်းတိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်၊ ထိခိုက်ဒဏ်ရာ၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံခံလွှာ ပျက်စီးခြင်းနှင့် အသက်အရွယ်ကြီး၍ အမြင်လွှာရဲ့ ဗဟိုချက် ပျက်စီး ယိုယွင်းခြင်းတို့ ဖြစ်ပါတယ်။

"အတွင်းတိမ်ကို ခွဲထုတ်ပစ်တဲ့နည်းကလွဲပြီး အခြားကုထုံး မရှိ သေးပါဘူး။ နောက်ဆုံးပေါ်နည်းဖြစ်တဲ့ အတွင်းတိမ်ခွဲစိတ်ပြီး မျက်တွင်း မှန်လို့ခေါ်တဲ့ (Intra Ocular Lens)ထည့်ပေးခြင်းအားဖြင့် အမြင်အာရုံ ရာနှုန်းပြည့် ကြည်ကြည်လင်လင် မြင်နိုင်မှာမို့ အခမဲ့ ခွဲစိတ်မှုအစီအစဉ်မှ မခွဲစိတ်မီ ခွဲစိတ်ပြီး မျက်စဉ်းပေးလှူခြင်း၊ မျက်တွင်းမှန်ထည့်ပေးခြင်း၊ မခွဲမီပဋိဇီဝဆေးလှူဒါန်းခြင်း၊ ခွဲစိတ်ပြီး အလင်းရောင်စူးရှမှုဒဏ် ခံနိုင် ရန် နေကာမျက်မှန်ပေးလှူခြင်းတွေ ဆောင်ရွက်ပေးရတာဖြစ်ပါတယ်"လို့ စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

ဆရာဝန်၊ ဆရာမများရဲ့ ပညာဒါန၊ စေတနာရှင်၊ အလှူရှင်များရဲ့ ငွေကြေးဒါန၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှုဒါနနှင့် ဝေယျာဝစ္စဒါန စတဲ့ ဒါနမျိုးစုံ အရင်းခံ၍ ဆောင်ရွက်ကြရာမှ အလင်းကုသိုလ်ပွဲကြီးတစ်ခု အောင်အောင် မြင်မြင် ပြီးမြောက်ခဲ့ပါတယ်။ အဘိုး၊ အဘွားများက ဝမ်းသာမှုအဟုန်ဖြင့် မျက်ရည်ဝဲ၍ ဆုတောင်းကြ၊ ဆုပေးကြဖြင့် ဆေးရုံဝန်းကျင်မှာတော့ သာဓုခေါ်သံများဖြင့် လှိုင်နေပါတော့တယ်။

မျက်စိခွဲစိတ်ကုသပြီး မျက်မှန်အမည်းကြီးများတပ်၍ ဆေးရုံက ပြန်လာတဲ့ အဘိုး၊ အဘွားများကို ကြည့်ပြီး သုံးခွမြို့နယ် အလှူရှင်များက ကြည်နူးဝမ်းသာခဲ့ကြပါတယ်။ ယခုကဲ့သို့ အမှန်တကယ် အကျိုးများပြီး ထိရောက်မှုရှိတဲ့ အလင်းအလှူပွဲလေးဟာဖြင့် **"မျက်စိ အဆုံး၊ နားအရှုံး"** ဆိုရိုးစကားရှိစေကာမူ သက်ကြီးရွယ်အို အဘိုး၊ အဘွားများရဲ့ ဘဝ မဆုံးရှုံးရလေအောင် ဖန်တီးကူညီဆောင်ရွက်တဲ့ ကုသိုလ်ပွဲမို့ မုဒိတာပွား နိုင်ကြပါစေ။ အလင်းကုသိုလ်ပွဲပေါင်း မြောက်မြားစွာ ထပ်မံပေါ်ပေါက် လာပါစေဟု၍ ဆန္ဒပြုလိုက်ရပါတယ်ရှင်။ ။

ကျိုက်မရောမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ပဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဆရာဝန်များအသင်းတိုက်အနီးရှိ စိတ်တိုင်းကျ စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်၍ အသင်းသူအသင်းသားများ၊ အသင်းမဝင်ရသေးသော မြို့နယ်သူ၊မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ပါဝင်လှူဒါန်းလိုသူများသည် နာယက ဦးရဲမြင့် ဖုန်း–၂၂၅၀၇၆၊ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သိန်းကြိုင်(ငြိမ်း) ဖုန်း–၀၉–၅၀–၁၇၅၀၁၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း–၅၅၅၆၅၁နှင့် ဦးခင်အောင် ဖုန်း–၂၉၅၄၆၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ

ဘုရားဖူးများ စေတီတော်တောင်ခြေရင်းအထိ မော်တော်ယာဉ်ဖြင့် သွားနိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းရှိသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက မင်္ဂလာ အခမ်းအနားနှင့် ဗုဒ္ဓ ပူဇနိယ ပွဲတော်ဖွင့်ပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၈နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့်ဇနီး ဒေါ်စန်းစန်းမော်၊ တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိကြီးများနှင့်ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ဒေသခံများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို စေတီတော်တည်ရှိရာ နတ်တောင်တောင်ခြေ ဖွင့်ပွဲမုခ်ဦးရှေ့၌ တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများက နေရာယူပြီး ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အာရုံပြုပြီး မင်္ဂလာဘိသေက ပညာရှင် ဦးထိန်လင်းက ဗုဒ္ဓါဘိသေက မင်္ဂလာအခါတော်ကြား ဩဘာစာတမ်း ဖတ်ကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

၎င်းနောက်မင်္ဂလာအချိန်ကျရောက်ချိန်တွင် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးဦးစီးနာယက တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများသည် သမာဓိဆောင်းတန်းမှ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ကာ မြတ်မော်တင် စေတီတော်မြတ်ကြီးအား ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် လှည့်လည်ပူဇော်၍ တိုင်းမှူးနှင့် ဇနီးတို့သည် ရင်ပြင်တော် ထောင့်အသီးသီး၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ သစ်သီးများ ကပ်လှူပူဇော်ခဲ့သည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းကို နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော် ၄၅ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး စေတီတော်ရင်ပြင် မင်္ဂလာမဏ္ဍပ်တွင် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားကို ကျင်းပ၍ လှူဒါန်းမှုအစုစုတို့အတွက် တိုင်းမှူးနှင့် ဇနီးတို့က ရေစက်သွန်းချ အမျှပေးဝေကာ ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းပေးခဲ့သည်။

၁၅ရက်တိုင်

သမိုင်းဝင် ဆံတော်ရှင် မဟာမကုဋရုံသီမြတ်မော်တင် စေတီတော်မြတ်ကြီးဗုဒ္ဓပူဇနိယပွဲတော်ကို(တပေါင်းလဆန်း ၁ရက်) ဖေဖော်ဝါရီ ၁၆ရက်မှ (တပေါင်းလပြည့်နေ့) မတ် ၂ရက်အထိ ၁၅ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဘုရားဖူးပြည်သူများသည် ပုသိမ်မြို့မှ စေတီတော် တောင်ခြေရင်းအထိ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ပုသိမ်မြို့မှ ဟိုင်းကြီးကျွန်း ခမောက်မော်ကျေးရွာအထိ ရေယာဉ်ဖြင့်လည်းကောင်း၊ ခမောက်မော်ကျေးရွာမှ စေတီတော်တောင်ခြေရင်းအထိ မော်တော်ယာဉ်ဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ဟောပြောပွဲကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း မိတ္ထီလာမြို့တွင် ဖေဖော်ဝါရီ ၉ရက်က ပြည်ထောင်စုနေ့အကြောင်း ဟောပြောပွဲကျင်းပရာ မိတ္ထီလာမြို့ အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီက အဖွင့်အမှာစကားပြောကြားပြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ဦးမြင့်ဆွေက စကားလက်ဆောင်ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဟိုပုံးမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်လှစ်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ဖမိုင်–စံဖူး ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က လမ်းထိပ်မုခ်ဦးတွင် ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းနှင့် မြို့နယ်ဥက္ကဋ္ဌဦးခင်ဇော်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ယင်းလမ်းမှာ ၁၆၉၃ ပေရှည်ပြီး ၁၀ပေကျယ်ကြောင်း သိရသည်။

ဇီဝိတဒါန ဆေးခန်းဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် သိမ်တောင် ဆရာတော်ကြီးအမှူးပြုသော ဩဝါဒါစရိယ ဆရာတော်များ ဦးစီး တည်ထောင်သည့် မေတ္တာရှင်ဇီဝိတဒါန ဆေးခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်က အသင်းတည်ရာ ချမ်းမြသာစည်ရပ်ကွက် အနောက်မြို့ပတ်လမ်း နဂါးပွက် ကျောင်းဝင်းတွင် ကျင်းပခဲ့ပြီး ပြည်နယ်အထူးကုဆရာဝန်ကြီးများက လူနာများအား ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

သွားနှင့် ခံတွင်း ကျန်းမာရေးကုသပေး

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာနက သွားနှင့် ခံတွင်းရောဂါ ပညာပေးဟောပြောပွဲနှင့် ရောဂါရှာဖွေစစ်ဆေးကုသခြင်း လုပ်ငန်းကို ဇန်နဝါရီလအတွင်းက ဒေါက်တာတင်စိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လူနာ ၆၉ဦးကို သွားနှင့်ခံတွင်း ရောဂါများစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲဖွင့်လှစ်ပြသ

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ဇန်နဝါရီ ၆ရက်မှ ၂၂ရက်အထိ မြို့နယ် ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့် ဝန်ထမ်းများ လှည့်လည်ဖွင့်လှစ် ပြသခဲ့သည်။

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာသင်တန်းဆင်း

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ပို့ချရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာ တိုင်းအဆင့် ဆင့်ပွားသင်တန်း ဆင်းပွဲကို ဇန်နဝါရီ ၃၁ရက်က မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက သင်တန်းဆင်း လက်မှတ်ပေးအပ်ခဲ့သည်။

စာကြည့်တိုက်များသို့ရုပ်မြင်သံကြားစက်များလှူဒါန်း

တနင်္သာရီတိုင်း ထားဝယ်ခရိုင် ကလိန်အောင်မြို့ရှိ ကျောက်ရုပ်ကျေးရွာနှင့် မိချောင်းလှောင်းကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားစက်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင်ကျင်းပရာ အလှူရှင်များက ကျေးရွာများသို့ ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးစီပေးအပ် လှူဒါန်းခဲ့သည်။

ရေစကြို၌ မီးသတ်စွမ်းရည်ပြသ

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီးအတွင်း ဖေဖော်ဝါရီ ၁၂ရက်က မီးသတ်စွမ်းရည်ပြပွဲကို ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုး၊ မီးသတ်တပ်ဖွဲ့ တပ်ကြပ်ကြီး သန်းထွန်းတို့က ဈေးသူဈေးသားများ အား မီးသတ်စွမ်းရည်များပြသခဲ့ကြောင်း သိရသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ကချင်ပြည်နယ် ဟိုပင်မြို့ မြေနကျေးရွာ ဦးထွန်းနေစာကြည့်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်တို့က စာကြည့်တိုက် ရေရှည် တည်တံ့ရေး ရှင်းလင်း ဆွေးနွေးခဲ့ပြီး အလှူရှင်များ လှူဒါန်းသော စာအုပ်စာစောင်များကို လက်ခံခဲ့ကြောင်း သိရသည်။

အေအိုင်ဒီအက်စ် ပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် မေးကြည့်၊ ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိပြိုင်ပွဲ ရေဒီယိုအစီအစဉ်ကို ဖေဖော်ဝါရီ ၂၁ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ကျင်းပရာ ပထမဆုကို ခရမ်းမြို့နယ်မှ မောင်သန့်စင်၊ ဒုတိယဆုကို မအူပင်မြို့နယ်မှ မချစ်စုမွန်၊ တတိယဆုကို ညောင်တုန်းမြို့နယ်မှ မစိုးမိုးသူနှင့် နှစ်သိမ့်ဆုကို သုံးခွ မြို့နယ်မှ မဇာဇာထွန်းတို့က ရရှိကြသည်။

ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

မန္တလေးတိုင်း ကျောက်ဆည်ခရိုင်၏ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျောက်ဆည်မြို့ မိုးလုံလေလုံ အားကစားရုံတွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပိုက်ကျော်ခြင်းလုံးခတ် ယှဉ်ပြိုင်

စစ်ကိုင်းတိုင်း ဝက်လက် မြို့နယ် လှတော ကျေးရွာတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလူငယ် ရေးရာကော်မတီက ကြီးမှူး ကျင်းပသော ပိုက်ကျော်ခြင်း လုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၆ရက်က လှတောကျေးရွာ အထက တွင် ကျင်းပရာ ပထမဆုကို ရာဇာထွန်းအသင်းက ရရှိသွားပြီး ဆုရသူများ အား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ်၌ ဆေးဝါးနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးနှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်နှင့်တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည့် ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်မည့် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ (Maternity Waiting Home) စီမံချက်လုပ်ငန်း အသိပေးဆွေးနွေးခြင်းနှင့် ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို တက်ရောက်ကြသည်။

ကြည့်ရှု

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး၊ အမှုဆောင်ညွှန်ကြားရေးမှူးက မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စီမံချက်ပံ့ပိုးငွေကျပ် သိန်း ၅၀၊ စက်ဘီး နှစ်စီးနှင့် ငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်က ပေးအပ်ရာ စစ်ကိုင်းတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက လက်ခံကာ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဆောက်လုပ်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ၁၉ရက် မွန်းလွဲပိုင်းတွင်ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စောမူနှင့် အတွင်းရေးမှူးဒေါက်တာ မောင်မောင်အောင်ကျော်တို့နှင့်အတူ ဟားခါးမြို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

အဆိုပါ တွေ့ဆုံပွဲတွင် ဗဟိုအလုပ်အမှုဆောင်က အသင်းအဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်မှုများနှင့် အသင်းဝင် တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး အမှုဆောင်ညွှန်ကြားရေးမှူးက မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးအကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိဆေးဝါးပစ္စည်းများနှင့် ကလေးကစားစရာအရုပ်များကို မြို့နယ်အသင်းမှုကြိုကျောင်းနှင့် အသင်းပိုင်သားဖွားခန်းတို့အတွက်ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ထေရဝါဒမြို့မသာသနာပြုကျောင်း၊ ခွာရုံဘုန်းတော်ကြီးကျောင်းနှင့်သာသနာ့ရက္ခိတ တပ်ဦးကျောင်းသို့ သွားရောက်ပြီး ငွေကျပ်သုံးသောင်း တန်ဖိုးရှိ သင်္ကန်း ပရိက္ခရာအပါအဝင် လှူဖွယ်ပစ္စည်းများနှင့် ငွေကျပ်တစ်သိန်းကို ဆက်ကပ်လှူဒါန်းသည်။

လက်ခံ

ထို့နောက် AGဘုရားရှိခိုးကျောင်း၊ RCဘုရားရှိခိုးကျောင်း၊ ဖိုင်းအုံနှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ဟားခါးနှစ်ခြင်းဘုရားရှိခိုးကျောင်းနှင့် ကျိန်နွဲ့ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်ပြီး သက်ဆိုင်ရာသိက္ခာတော်ရဆရာတော်များ၊ အသင်းတော်ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ ဗဟိုအလုပ်အမှုဆောင်က အလှူငွေ ကျပ်နှစ်သိန်းတစ်သောင်းပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ၂၀ရက် မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးကာ ငွေကျပ်၂၅သိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် ကစားစရာအရုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍လုံပီးပရဟိတဂေဟာ၊ လုံပီး အပေါ်ကျောင်း၊ မြို့မ ဗဟိုသာသနာပြုကျောင်းနှင့် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းတို့သို့ သွားရောက်ပြီး ငွေကျပ်နှစ်သောင်းတန်ဖိုးရှိ သင်္ကန်း ပရိက္ခရာအပါအဝင် လှူဖွယ်ပစ္စည်းများနှင့် ငွေကျပ်ကိုးသောင်းကို ဆက်ကပ်လှူဒါန်းသည်။

ကျေးဇူးတင်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖလမ်းမြို့နယ် နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ဖိုမီးဘုရားရှိခိုးကျောင်းနှင့် RC ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်ပြီး သက်ဆိုင်ရာ သိက္ခာတော်ရဆရာတော်များ၊ အသင်းတော်ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အလှူငွေကျပ်ကိုးသောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး ကလေးမြို့ မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ စီမံချက် ပံ့ပိုးငွေကျပ် သိန်း၅၀၊ စက်ဘီး နှစ်စီးနှင့် ငွေကျပ်၂၅သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်ထံ ပေးအပ်စဉ်။ (မိခင်/ကလေး)

ပခုက္ကူမြို့ မြို့မဈေးမီးဘေးသင့်သူများအား ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တွေ့ဆုံအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ မြို့မဈေးမီးလောင်ရာသို့သွားရောက်၍ မီးဘေးသင့်ခံရသည့် ဈေးသူဈေးသားများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ဈေးအကျိုးဆောင်အဖွဲ့ အတွင်းရေးမှူးသို့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကလေးနှင့်ခွေး ဆော့ကစားရန် လွှတ်မထားသင့်

လန်ဒန် ဖေဖော်ဝါရီ ၂၃

ကလေးများအား ခွေးများနှင့် ဆော့ကစားရန် လွှတ်မထားသင့်ကြောင်း ဆရာဝန်များက ဆန်းစစ်လေ့လာတင်ပြထားသည်ကို ဖေဖော်ဝါရီ ၂၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကလေးများကို ခွေးများနှင့်အတူ အကျွမ်းတဝင်ရှိစေရေး သေချာစွာ သင်ကြားပေးသင့်ကြောင်း၊ ခွေးများ၏သဘောသဘာဝကိုသိရှိ နားလည်သဘောပေါက်ရန်လိုကြောင်း၊ သို့မဟုတ်လျှင် အန္တရာယ်ရှိကြောင်း ဒိန်းနယ်ရီ၊ ရှိုင်ရယ်ဒေဗွန်နှင့် အင်န်အိတ်ချ်အက်စ် ဆေးသုတေသနအဖွဲ့များက လေ့လာတွေ့ရှိချက်ကို လန်ဒန်ရှိ ဗြိတိသျှဆေးဂျာနယ်တစ်စောင်က ရေးသားဖော်ပြထားသည်။

ခွေးပိုင်ရှင်များသည် စည်းကမ်းတကျ ခွေးလှည့်လည် လွှတ်ကျောင်းသင့်ကြောင်း စာရေးဆရာ ရာချယ်ဘက်ဆာဆိုသူက လေ့လာတင်ပြထားသည်။

နှစ်စဉ် ဗြိတိန်၌ ခွေးကိုက်၍ ဆေးရုံတင်ရသော ကလေးငယ်အရေအတွက်မှာ ၁၀ နှစ်အတွင်း နှစ်ဆတိုးလာသည်ဟု ၎င်းကရေးသားထားသည်။

အင်န်အိတ်ချ်အက်စ်အဖွဲ့၏ စာရင်းဇယားများအရ ဗြိတိန်၌ ယမန်နှစ်က ခွေးကိုက်ခံရသူ ၄၁၃၃ ဦးရှိခဲ့ကြောင်း၊ ယင်းမှာ ၁၉၉၆ ခုနှစ်ကထက် နှစ်ဆနီးပါးတိုးလာကြောင်း၊ ငါးနှစ်ကျော် ကိုးနှစ်အောက်ကလေးများ အများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ခွေးအများစုသည် ကလေးများအား လူကြီးမှကြီးကြပ်ခြင်းမရှိသည့် အချိန်တွင် ကလေးများက ခွေးများနှင့် ဆော့ကစားပါက ခွေးများကိုက်တတ်ကြောင်း သတိပေးတင်ပြထားသည်မှာ အိမ်၌ခွေးမွေးသူများ သတိထားစရာ အချက်ဖြစ်သည်ဟု ဆိုသည်။ (ကိုးကား-အင်တာနက်)

ကြက်ငှက်တုပ်ကွေး တားဆီးကာကွယ်ရေးဆိုင်ရာပစ္စည်းများ စတင်ဖြန့်ဖြူး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့အရ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ကြီးမှူးဆောင်ရွက်လျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ပြည်သူလူထုပညာပေး လုပ်ငန်းတစ်ရပ်အဖြစ် ပိုစတာ၊ လက်ကမ်းစာစောင်နှင့် တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အင်းစိန်မြို့ မွေးမြူရေးနှင့်ကုသရေးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံဒိုင်နှင့်ယူနီဆက်မှ Chief Programme Communication & Information, Ms Susan Aitkin တို့က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ယူနီဆက်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

စတင်ပေးပို့

အဆိုပါပစ္စည်းများကို ပြည်သူလူထု၏ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ အသိအမြင်များတိုးပွားလာစေရန်နှင့်ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကောင်းမွန်သည့်အပြုအမူအလေ့အကျင့်များ ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှတစ်ဆင့် မြို့နယ်အသီးသီးရှိ မွေးမြူရေးခြံ၊ ရုံး၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေးများသို့ ဖြန့်ဖြူးပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ယနေ့ အခမ်းအနားအပြီးတွင် ရန်ကုန်တောင်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှတစ်ဆင့် ဖြန့်ဖြူးပေးမည့် ပိုစတာ၊ လက်ကမ်းစာစောင်၊ ဆပ်ပြာ၊ လက်အိတ်နှင့် နှာခေါင်းစည်းများကို စတင်ပေးပို့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားနှင့်မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၃ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်မီးဘေးကြိုတင်တားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်က သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးအပ်စဉ်။ (က-ပ)

လယ်ဝေးမြို့နယ်နှင့် ဟားခါးမြို့တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဖေဖော်ဝါရီ၂၂ရက် နံနက်၄နာရီခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့ လယ်ဟောင်ရပ်ကွက် အိမ်အမှတ် ၁၂၀ အိမ်ငှား ဒေါ်နီထွေး၏ နံကပ်နှစ်ထပ်သွပ်မိုး လက်ဖက်ရည်ဆိုင်၌ မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှု စဖြစ်ပွားသည်။ မီးလောင်ရာသို့ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃ဦးနှင့် တာဝန်ရှိသူများက စုပေါင်းငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ကျွမ်းကာ လူကိုးဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

လယ်ဝေးမြို့နယ်

ဖေဖော်ဝါရီ၂၂ရက်ညနေ၃နာရီခန့်တွင် လယ်ဝေးမြို့ သစ်ဆိမ့်ပင် ကျေးရွာနေ အိမ်ရှင်ဦးအေး၏ သက်ငယ်မိုး ထရံကာ ပျဉ်ခင်း နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်ရာသို့ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀တို့ စုပေါင်းငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် တဲငါးလုံးနှင့် ပျဉ်ခင်းပျဉ်ကာ သွပ်မိုးအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာဂေါက်သီးရိုက်အသင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Club at Home အား လာမည့်မတ် ၉ရက်၊ ၁၀ရက်များတွင် မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင် ရန်ကုန်၌ ကျင်းပရန် စီစဉ်ထားသည်။ မတ်၉ရက်(သောကြာနေ့)တွင်သက်ကြီးတန်းပြိုင်ပွဲကို ကျင်းပမည်ဖြစ်ပြီး ရွှေငွေ၊ ကြေးအဆင့်ပြိုင်ပွဲအား မတ် ၁၀ ရက်(စနေနေ့)တွင်ကျင်းပမည်ဖြစ်ပြီး Club at Home နှင့် ဆုပေးပွဲအခမ်းအနားကို မတ် ၁၁ရက်(တနင်္ဂနွေနေ့)တွင် ညစာစားပွဲနှင့်အတူ ပြုလုပ်မည်ဟု သိရသည်။

မြန်မာဂေါက်သီးရိုက် အသင်း နှစ်(၆၀) ပြည့် အထိမ်းအမှတ်ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာဂေါက်သီးရိုက်အသင်းနှင့် ဆက်နွှယ်သည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အသင်းသားများမှ မေတ္တာဖြင့် အဓိကပံ့ပိုးကြပြီးရပ်ဝေးရပ်နီးရှိ အသင်းသားများအား ပါဝင် ယှဉ်ပြိုင်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မီးဘေးအန္တရာယ် အစဉ်သတိပြု ကာကွယ်

ကမ္ဘာ့တစ်လွှား အားကစား

ဝါဒါဘရီမင် ဂိုးသွင်းသူရဲကောင်း ကလိုဆေး

စုစည်းတင်ပြသူ -မောင်မောင်မြင့်ဆွေ

ဘာလင် ဖေဖော်ဝါရီ ၂၃

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲများကို လှမ်းမျှော်ကြည့်လျှင် ကမ္ဘာ့အဆင့်မီ ဘောလုံးသမားများ၏ လှုပ်ရှားမှုပုံရိပ်များအား တွေ့မြင်ရမည်ဖြစ်ပြီး ထိုဂျာမနီဘောလုံးသမားများအနက်မှ စိတ်ဝင်စားစရာအကောင်းဆုံးနှင့် ကျော်ကြားမှုအရှိဆုံး ဘောလုံးသမားမှာ ဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင် ဝါဒါဘရီမင်မှ တိုက်စစ်မှူး ကလိုဆေးပင် ဖြစ်သည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ပုံစံတစ်မျိုးဖြင့်တွေ့ရသော ကလိုဆေး။ (ဓာတ်ပုံ-အင်တာနက်)

၂၈နှစ်ရှိ

မီရိုဆလပ်ကလိုဆေးကို ၁၉၇၈ခုနှစ် ဇွန်လ ၉ရက်၌ ဂျာမနီနိုင်ငံတွင် မွေးဖွားခဲ့ရာ ယခုအသက်(၂၈)နှစ်အရွယ်ရှိပြီ ဖြစ်သည်။ ကလိုဆေးသည် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင် ကီဆာဆလူတန်ကလပ်တွင် ပါဝင်ကစားခဲ့ပြီး ထိုနှစ်က ၂၁ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူနိုင်ခဲ့သည်။

ဂိုးပေါင်း၂၀သွင်း

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်း၌ ပါဝင်ကစားခဲ့ပြီး ခုနစ်ပွဲကစားခဲ့ကာ ငါးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၃၁ ပွဲ ကစားပေးခဲ့ပြီး ကိုးဂိုးသွင်းယူနိုင်ခဲ့ရာ တစ်နှစ်လုံးတွင် ၄၅ပွဲ ကစားခဲ့ပြီး ဂိုးပေါင်း ၂၀ သွင်း ယူနိုင်ခဲ့သည်။

ငြင်းပယ်

ထို့အတူ ကလိုဆေးအား နိုင်ငံတကာကလပ်အသင်းများက ခေါ်ယူခဲ့သော်လည်း ငြင်းပယ်ခဲ့ပြီး ကီဆာဆလူတန်ကလပ်တွင်သာ ဆက်လက်ကစားခဲ့သည်။ မြန်နှုန်းမြင့်ပြေးရင်း ဘောလုံးသယ်ယူမှု၊ အရှိန်ပြင်းပြင်း ကန်သွင်းမှု၊ ဂိုးသွင်းသေချာမှုတို့က ကလိုဆေး၏ အရည်အချင်းများပင်ဖြစ်ရာ ၂၀၀၃-၂၀၀၄ ခုနှစ်၌ ၃၃ ပွဲ ကစားခဲ့ပြီး ၁၃ ဂိုး သွင်းယူနိုင်ခဲ့ပြန်သည်။

ခေါ်ယူခဲ့

ထိုသို့ ခြေစွမ်းပြဂိုးသွင်းမှု၊ မိမိတိုက်စစ်မှူးများအား ဂိုးသွင်းနိုင်ရန် အခွင့်အရေး ဖန်တီးပေးနိုင်မှုများကြောင့် ဘွန်ဒက်စ်လီဂါကလပ် ဝါဒါဘရီမင်က ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ကလိုဆေးအား ရအောင်ခေါ်ယူခဲ့လေသည်။

တတိယအဆင့်ချိတ်

ဝါဒါဘရီမင်သို့ ရောက်ရှိလာသော ကလိုဆေးသည် ကစားဖော်များနှင့် အချိတ်အဆက်မိမိ နားလည်မှုရှိရှိ ကစားနိုင်ခဲ့မှုကြောင့် ထိုနှစ်၌ ဝါဒါဘရီမင်အတွက် ၂၈ပွဲကစားပေးခဲ့ပြီး ၁၅ ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ဂျာမနီဘောလုံးအသင်းအတွက် ခြောက်ပွဲကစားပေးနိုင်ခဲ့ပြီး ငါးဂိုး သွင်းယူနိုင်ခဲ့သည်။ ထိုနှစ်တွင် ဘွန်ဒက်စ်လီဂါ၌ ဝါဒါဘရီမင်တို့ တတိယဆင့် ချိတ်နိုင်ခဲ့သည်။

ဘွန်ဒက်စ်လီဂါ၌ ဂိုးအများဆုံးသွင်းထားသူ ဝါဒါဘရီမင်တိုက်စစ်မှူး ကလိုဆေး၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင်လည်း ဝါဒါဘရီမင်အတွက် ကလိုဆေးအနေဖြင့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ကိုးပွဲကစား လေးဂိုး၊ ဘွန်ဒက်စ်လီဂါ၌ ၂၃ပွဲကစား ၂၅ဂိုး သွင်းယူပေးခဲ့ရာ ထိုနှစ်၌ ဘွန်ဒက်စ်လီဂါတွင် ဂိုးအများဆုံးသွင်းသူအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။ ထို့အတူ ၂၀၀၅-၂၀၀၆ ဘောလုံးတစ်ရာသီလုံးတွင် ၃၇ပွဲ ကစားခဲ့ပြီး ၂၉ဂိုး သွင်းယူနိုင်ခဲ့မှုများက ကလိုဆေး၏ ဂိုးသွင်းခြေစွမ်း ထက်မြက်ကြောင်း အထင်သားပေါ်လွင်လျက်ရှိသည်။

အခွင့်အရေးပေါ်

ဂျာမနီဘွန်ဒက်စ်လီဂါတွင် ဂိုးသွင်းစွမ်းရည် မြင့်မားနေသော်လည်း ကမ္ဘာ့ဘောလုံးပရိသတ်များအကြား ရေပန်းမစားသေးဘဲဖြစ်နေရာ ကလိုဆေးအတွက် အခွင့်အရေးတစ်ရပ် ပေါ်လာခဲ့သည်။ ယင်းမှာ အခြားမဟုတ် ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပင် ဖြစ်သည်။

လွှမ်းမိုး

ဂျာမနီနည်းပြ ကလန်စမန်းက ကလိုဆေးအား ဂျာမနီဘောလုံးအသင်း တိုက်စစ်မှူးအတွက် တာဝန်ပေးခဲ့ရာ ပွဲတိုင်းခြေစွမ်းပြ ဂိုးသွင်းနိုင်သည့်အပြင် ကလိုဆေး၏ ဘောလုံးသယ်ယူမှု၊ ထိုးဖောက်ဂိုးသွင်းမှုများက လျင်မြန်လှသည်ဖြစ်ရာ ကမ္ဘာ့ဘောလုံးပရိသတ်များနှတ်ဖျား၌ ကလိုဆေးအမည် လွှမ်းမိုးခဲ့လေသည်။

ကလိုဆေး၏ အင်အားပြည့် တစ်ဟုန်ထိုး ထိုးဖောက်ဂိုးသွင်းမှုများက အံ့အားသင့်စရာကောင်းအောင် မြန်ဆန်လွန်းလှသည်ဖြစ်ရာ ဂျာမနီတို့ ကမ္ဘာ့ဖလားရရှိနိုင်မည့်အသင်းအဖြစ်ပင် ရေပန်းစားခဲ့သည်။ ထို့အတူ ဂျာမနီအသင်းအကြောင်းပြောတိုင်း ကလိုဆေးအကြောင်း ပါဝင်ရသည်အထိ ဖြစ်ခဲ့လေသည်။ ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ခုနစ်ပွဲ ကစားပြီး ငါးဂိုး သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ကစား

ဂျာမနီတို့ ကမ္ဘာ့ဖလားရအောင် ကလိုဆေး မစွမ်းဆောင်နိုင်ခဲ့သော်လည်း အင်္ဂလန်၊ စပိန်၊ အီတလီ ကလပ်ဘောလုံးအသင်းက ဂိုးသွင်းခြေစွမ်းထက်သော ကလိုဆေးအား ကမ်းလှမ်းခဲ့သော်လည်း ငြင်းပယ်ခဲ့ပြီး ဘွန်ဒက်စ်လီဂါကလပ် ဝါဒါဘရီမင်တွင်သာ ဆက်လက်ကစားခဲ့လေသည်။

ရပ်တည်

ယခုနှစ်ဘောလုံးရာသီ၌ ဘွန်ဒက်စ်လီဂါတွင် ဝါဒါဘရီမင်အတွက် ကလိုဆေး ပွဲ ၂၀ ကစားပေးထားပြီး ၁၁ ဂိုးသွင်းခဲ့သဖြင့် လက်ရှိ ဘွန်ဒက်စ်လီဂါ၌ ဂိုးအများဆုံးသွင်းပေးထားနိုင်သူ တစ်ဦးအဖြစ် ရပ်တည်နေလျက်ရှိသည်။

စွမ်းဆောင်

ထို့အတူ ဂျာမနီဘောလုံးအသင်းအတွက် နိုင်ငံတကာချစ်ကြည်ရေးပွဲ ငါးပွဲကစားပေးခဲ့ပြီး ခြောက်ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ ဝါဒါဘရီမင်ကိုလည်း ၂၂ ပွဲ ကစား၊ ၁၃ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် တန်းစီဇယား၌ တတိယနေရာတွင် ရပ်တည်နေနိုင်အောင် စွမ်းဆောင်ပေးထားသည်။

ကြည့်ရမည်

လက်ရှိအချိန်တွင် ဂျာမနီ ဘွန်ဒက်စ်လီဂါ၌ ဝါဒါဘရီမင်တို့ ထိပ်ဆုံးမှ ရှော့လ်ကေးနှင့် ခုနစ်မှတ်ကွာနေပြီး ဒုတိယနေရာမှ စတုဂတ်နှင့် နှစ်မှတ်ကွာနေသည်။ ကလိုဆေးအနေဖြင့် ဝါဒါဘရီမင်ကို ဘွန်ဒက်စ်လီဂါ ချန်ပီယံအဖြစ် စွမ်းဆောင်ပေးမည်ဟုဆိုထားရာ လက်တွေ့၌ အကောင်အထည်ဖော်နိုင်မှု ရှိမရှိ ကြည့်ရမည် ဖြစ်သည်။

ဂိုးအများဆုံးသွင်းယူ

ကလိုဆေး၏ ဂိုးသွင်းခြေစွမ်းသည် အထက်မြက်ဆုံးအနေအထားသို့ ရောက်ရှိနေချိန်ဖြစ်ရာ ယခုနှစ် ဘွန်ဒက်စ်လီဂါ၌ ဂိုးအများဆုံးသွင်းနိုင်သူအဖြစ် ဗိုလ်စွဲရန် သေချာနေသည်။ ကလိုဆေးကိုရရှိရန် လာမည့်နွေရာသီ ဈေးကွက်အဖွင့်တွင် အပြိုင်ကြီးပမ်းမည့် ဥရောပ ထိပ်တန်းကလပ်အသင်းကြီးများကလည်း စီစဉ်ပြင်ဆင်နေကြရာ ဂျာမနီမြေမှ ဝါဒါဘရီမင် တိုက်စစ်မှူး ကလိုဆေး၏ အနာဂတ်သည် စိတ်ဝင်စားဖွယ် ကောင်းနေပါကြောင်း။

(ကိုးကား-အင်တာနက်သတင်း)

အင်္ဂလန်အသင်းအတွက် ဘက်ခမ်းအားပြန်ခေါ်မည်ဟု နည်းပြမက်ကလာရင် အရိပ်အမြွက်ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၂၃

ဒေးဗစ်ဘက်ခမ်း ရီးရဲမက်ဒရစ်အသင်းတွင် ပြန်လည်ခြေစွမ်းပြ ကစားပေးခြင်းသည် မိမိအတွက် ရွေးချယ်စရာအခွင့်အလမ်းတစ်ရပ်ဖြစ်လာကြောင်း၊ အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်က ဒေးဗစ်ဘက်ခမ်းအား ပြန်လည်ခေါ်ယူရန် အရိပ်အမြွက်ပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒေးဗစ်ဘက်ခမ်းအား ခြေစွမ်းပြကစားလာနိုင်မှုကြောင့် အင်္ဂလန်နည်းပြ မက်ကလာရင်က ဤသို့အားပေးခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

အသက် (၃၁)နှစ်ရှိ ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် ကမ္ဘာ့ဖလားအပြီး စတိဗ်မက်ကလာရင် အင်္ဂလန်အသင်းနည်းပြ ဖြစ်လာပြီးနောက် အင်္ဂလန်အသင်းတွင် ခုနစ်ပွဲ ပါဝင်ကစားခွင့် မရခဲ့ချေ။

ဘက်ခမ်းသည် ပြီးခဲ့သော နွေရာသီက အယ်လ်အေဂလက်ဆီ အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီပြီးနောက် ရီးရဲမက်ဒရစ်အသင်းတွင် လွန်ခဲ့သော နှစ်ပွဲက ပါဝင်ကစားခဲ့သည်။

အကောင်းဆုံး

ဘက်ခမ်းသည် ဘိုင်ယန်မြူးနစ်နှင့်ကစားသည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့၍ မက်ကလာရင်က ဘက်ခမ်းအပေါ် အပြည့်အဝယုံကြည်လာခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကိုးကားတင်ပြသူ မြင့်မောင်စိုး

ယူအီးအက်ဖ်အေ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ရန် နယူးကာဆယ်နှင့် ဘေယာလေဗာကူဆင် အနိုင်ရ

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအဖြစ် နယူးကာဆယ်နှင့် ဝါရီဂမ်တို့ပွဲတွင် နယူးကာဆယ်မှ စတီဗင်တေလာ(ဝဲ)ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)



လန်ဒန် ဖေဖော်ဝါရီ ၂၃

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကစားရာ နယူးကာဆယ်က ဝါရီဂမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်ဆုံး ၁၆ သင်းအဆင့်သို့ တက်ရောက်သွားခဲ့ပြီ ဖြစ်သည်။

တက်ရောက်

နယူးကာဆယ်သည် ပထမအကျော့အဝေးကွင်း၌ ဝါရီဂမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယခုဒုတိယအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်းလေးဂိုး-တစ်ဂိုးဖြင့် နောက်ဆုံး ၁၆ သင်းအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၈မိနစ်၌ မာတင်စ်က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

သရေကျ

ထို့အတူ ဘလက်ဘန်းနှင့် ဘေယာလေဗာကူဆင်တို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ ဘလက်ဘန်းတွင် မက်ကာသေး၊ ပီဒါဆင်၊ နွှန်ဒါနှင့် ဘင့်လေတို့ ပါဝင်ကစားခဲ့သော်လည်း အိမ်ကွင်း၌ တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ဖြစ်ခဲ့သည်။ ဘလက်ဘန်းတို့ ယခုပွဲ သရေကျခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး-သုံးဂိုးဖြင့်ရှုံးကာ ယူအီးအက်ဖ်အေမှ ထွက်ခဲ့ရပြီဖြစ်သည်။ ဘေယာလေဗာကူဆင်တို့ ယူအီးအက်ဖ်အေ ၁၆သင်းအဆင့်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန

ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်ရိုးသစ်သမိုင်းဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ

သင်ရိုးသစ် သမိုင်းဘာသာသိမှတ်ဖွယ်ရာ

မင်္ဂလာပါတပည့်တို့-

၂၀၀၇-ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာ သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းတွင် နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီ ပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ် အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လဲ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်းသိရှိဖို့ လိုအပ်ပါတယ်။ သမိုင်းဘာသာရပ်တွင် ခုနှစ်သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရှိရပါမယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် "တို့ဗမာအစည်းအရုံး"၏ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့် ခရစ်နှစ် ၁၉၃၈ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်းပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ပြည့် အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့ လိုပါတယ်။

လွတ်လပ်ရေးရယူခြင်း အပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင် ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုပါတယ်။

အင်္ဂလိပ်ခေတ်နဲ့ဂျပန်ခေတ်တွေရဲ့ ယေဘူယျအခြေအနေကို လေ့လာတဲ့အခါ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဟူ၍ အပိုင်းလိုက်သိရှိရန် လိုအပ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာတွင် ၁၉၄၈-၁၉၅၈ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို ဦးစားပေးလေ့လာရမှာ ဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှုတွေကို ဦးစားပေး လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို အလေးထား လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘူယျ အခြေအနေတွေကို ထည့်သွင်းထားပါတယ်။ ယေဘူယျအခြေအနေတွေမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေကို ဦးစားပေးလေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈မှ ယနေ့အထိ ကာလကိုလဲ လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းမှာလဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရဟူ၍ နှစ်ပိုင်းခွဲ၍ လေ့လာသင့်တယ်။ ဒီလိုလေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေကို လေ့လာသင့်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလဲ အခြေခံအကြောင်းရင်းနဲ့လတ်တလော အကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံဆိုပြီး ပိုင်းခြားလေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်ပါတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကို ဖြေရှင်းပေမဲ့ မအောင်မြင်ခဲ့ဘူး၊ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်၏ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ် အားကောင်းလာခြင်းဟာ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက် ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ရူမေးနီးယားစတဲ့ နိုင်ငံတွေဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ် တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာ ထူးခြားတဲ့သမိုင်းဖြစ်စဉ် တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်း လေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနှင့် စစ်ရေးအကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

တစ်ဖက်မှာလည်း ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။

အမေရိကန်နဲ့ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့ သာဓကတွေကတော့ -

၁။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)

၂။ အန်ဇတ် (ANZUS)

၃။ အရှေ့တောင်အာရှ စာချုပ်အဖွဲ့ (SEATO)

၄။ ဗဟိုစာချုပ်အဖွဲ့

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အားကျမခံ ဝါဆောစစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာ လက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလတွင် နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်းတွေကတော့

၁။ ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု

၂။ ကိုရီးယားစစ်

၃။ စူးအက်အရေးအခင်း

၄။ ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာ အရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလ ပြီးဆုံးခြင်း ခေါင်းစဉ်တွေကလဲ နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များ ဖြစ်တဲ့အတွက် ဦးစားပေး လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာ ဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကို လေ့လာရာမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးဟူ၍ ခွဲခြားလေ့လာသင့်တယ်။

အလားတူပဲ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလဲ အလေးထား လေ့လာသင့်တယ်။ လေ့လာတဲ့ အခါမှာ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလ အနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို နှိုင်းယှဉ်လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာတွင် အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသနဲ့ ပတ်သက်ပြီး လေ့လာမယ်ဆိုရင် နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုဟူ၍ ခွဲခြားလေ့လာရမှာ ဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာတွင် အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် ဦးစားပေးလေ့လာသင့်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်တို့ကို အလေးထားလေ့လာရမှာဖြစ်တယ်။

နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့ -

၁။ သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်

၂။ ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်

၃။ ပြဋ္ဌာန်းစာအုပ်ကိုအလေးပေးလေ့လာရန်

၄။ မေးခွန်းကို သေသေချာချာဖတ်ရန်

၅။ မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ယုဇနလမ်း အမှတ်၂၂နေ (ဦးမောင်မောင်သန့်)-ဒေါ်အေးအေးသိန်း(အထက-ကျောင်းအုပ်ဆရာမကြီး၊ငြိမ်း)၊ သားသမီးများဖြစ်သော ကိုဝင်းမင်းသိန်း-မသီတာစန်း၊ ကိုသန်းဇော်အောင်-မလွင်မာလာသန်း၊ ကိုရင်စိုးထွဋ်-မခင်စန္ဒီသန်းတို့နှင့် မြေးများ မိသားစုတို့က ရေဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေစေတီရံများ ရာသက်ပန် ရွှေသင်္ကန်း ထာဝရပဒေသာပင် တစ်ပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းသဖြင့် သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဆင်ပေါင်ဝဲမြို့ ကျောက်ဆောင်စမ်းရွာ ကျေးလက်အိမ်ရာဆောက်

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၇

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်လျက်ရှိသော ကျေးလက် အိမ်ရာဖြစ်သည့် ကျောက်ဆောင်စမ်းရွာ ဦးခင်မောင်တင့်၏ ကျေးလက်နေအိမ် ဆောက်လုပ်မှုကို ဇန်နဝါရီ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေ သွားရောက်ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကွယ်လွန်သူ မိဘများဖြစ်သော ဦးဘဦး-ဒေါ်ခင်တင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ်ကမ်းနားလမ်း သီရိမင်္ဂလာ ဥယျာဉ်အိမ်ရာ အမှတ် (စီ-၉) အခန်း ၂၀၁ နေ ဦးချစ်ပိုင်-ဒေါ်ပို သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို မိုးမိတ်အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလှူရှင် ဒိုက်ဦးမြို့နယ် ဖောင်တော်သီ ကျေး ရွာ နေ ဦးဇော်မိုးခိုင်- ဒေါ်လှလှမြိုင်၊သမီးမဇင်ဇင်ဖြိုးဝေ၊ မသဲနုဝေ၊ သား မောင်ထက်ဝေအောင်(မိဘဂုဏ်ဆန်စက်) မိသားစုတို့က ငွေကျပ် သိန်း ၁၀၀ ကျော် အကုန်အကျခံ ဆောက်လုပ် လှူဒါန်းသော ပန်း ခိုင် ကျေး ရွာ ကျေးလက်ဆေးပေးခန်း အဆောက်အအုံကို ဖေဖော်ဝါရီ ၉ ရက်က ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပန်းနာရင်ကျပ် ရှူဆေးစက်နှင့် ငွေလှူဒါန်း

စလင်း ဖေဖော်ဝါရီ ၅

မကွေးတိုင်း စလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံသို့ ပန်းနာရင်ကျပ် ရှူဆေးစက်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက်က မြို့နယ်ဆေးရုံ သင်တန်းခန်းမတွင် ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာ

အခမ်းအနားတွင် အလှူရှင် ဈေးမရပ်နေ (ဒေါ်တင်တင်)၏သား ဦးဖိုးသာက ငွေကျပ်တစ်သိန်းခွဲတန် ပန်းနာရင်ကျပ်ရှူဆေးစက်နှင့် (ဦးထွန်းဝေ ကျန်းမာရေးဝန်ကြီး ကွယ်လွန်)အား ရည်စူး၍ သား ဒေါက်တာဦးဇော်မြင့်နှင့် သမီးဒေါက်တာ ဒေါ်ကြူကြူသန်းတို့က အလှူငွေကျပ် တစ်သိန်းလှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပေးအပ်လှူဒါန်းကြရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်စန်းမြင့်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သောသန့်ရှင်းရေး ဝန်ထမ်းများ နေအိမ်တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမောင်မောင်ကျော် တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်မြို့ နှပ်တန်း ကတ္တရာလမ်းသစ်ဖွင့် ကျေးရွာပြည်သူများ သွားလာမှုလွယ်ကူချောမွေ့

ရွှေတောင် ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ သရက်တောရပ်ကွက် နှပ်တန်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈နာရီခွဲက အဆိုပါလမ်းထိပ် မင်္ဂလာမုခ်ဦးတွင် ကျင်းပသည်။

ထို့နောက် အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် သရက်တောရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးခင်ထွန်းဦးတို့သို့ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

အဆိုပါလမ်းမှာ အရှည်ပေ ၇၅၀၊ အကျယ်၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်မှ ငွေကျပ် ၁၉၇၀၀၀၀နှင့် ကတ္တရာ ၂၁သမ ၇တန် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီး ရွှေတောင်မြို့ သရက်တောရပ်ကွက်နှင့် ညောင်ပိုင်းကျေးရွာအုပ်စု၊ ဆည်ကြီးကုန်းကျေးရွာအုပ်စုတို့မှ ပြည်သူများသွားလာမှု လွယ်ကူချောမွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် သတ္တဌာနကမ္မဋ္ဌာန်းကျောင်းအတွက် ရန်ကင်းမြို့နယ် အရှေ့ရန်ကင်းတိုက် ၂၀၄၊ အခန်း ၂၁ နေ ဦးသိန်းထွန်း-ဒေါ်သဇင်ညွှန့်၊ သား အောင်နိုင်ဦး၊ နိုင်ကျော်လူ မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက်အတွင်းရေးမှူး ဦးလွန်းမောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရိုးသား ယာဉ်မောင်း ဂုဏ်ပြုလက်ဆောင်ပေးအပ်

သံဖြူဇရပ် ဇန်နဝါရီ ၁၃

ရန်ကုန်မှ ကျိုက္ခမီ ပြေးဆွဲသည့် ချမ်းမြေ့ကြွယ်(မှန်လုံကား)၉ခ/၂၀၆၀ မှ ယာဉ်မောင်း ဦးဘိုဘို၏ မော်တော်ယာဉ်ပေါ် မေ့ကျန်ခဲ့သော အရေးကြီးစာရွက်စာတမ်းများနှင့် ငွေ၊ ပစ္စည်းများ ပိုင်ရှင်ထံ ရိုးသားစွာ ပြန်လည်ပေးအပ်ခြင်းအတွက် ယာဉ်မောင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က သံဖြူဇရပ်မြို့ ချမ်းမြေ့ကြွယ် (မှန်လုံ)ကားဂိတ်၌ ကျင်းပသည်။

ဒီဇင်ဘာ ၁၅ ရက်ညက ကားဖြင့် ရန်ကုန်မှ လိုက်ပါခဲ့သည့် သံဖြူဇရပ်မြို့ မြို့နယ်ပညာရေးမှူးဦးခင်မောင်ဦးနှင့် မိသားစုတို့က သံဖြူဇရပ်မြို့အဆင်းတွင် အရေးကြီးစာရွက်စာတမ်းများနှင့်ငွေ၊ ပစ္စည်းများ ကားပေါ်မေ့ကျန်ရစ်သဖြင့် ယာဉ်မောင်း ဦးဘိုဘိုက တွေ့ရှိပြီး ပိုင်ရှင်ထံ ရိုးသားစွာပြန်လည်ပေးအပ်ခဲ့ရာ ပိုင်ရှင်က ယာဉ်မောင်းအား ဂုဏ်ပြု လက်ဆောင်ပေးအပ်သည်။

(မြို့နယ်ပညာရေး)

မင်းဘူး(စကု) အမကကျောင်းများသို့ စာသင်ခုံများလှူဒါန်း

မင်းဘူး(စကု) ဖေဖော်ဝါရီ ၁၀

မင်းဘူး(စကု)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အမကကျောင်းများသို့ တတိယအကြိမ်မြောက် စာသင်ခုံ ၄၅၀ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက စာသင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်လွင်က တတိယအကြိမ်မြောက် စာသင်ခုံ ၄၅၀ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌဦးကျော်က အမကကျောင်း ၅၀ ကိုယ်စား လက်ထောက်ပညာရေးမှူး ဦးဝင်းရွှေထံသို့ စာသင်ခုံများ ပေးအပ်လှူဒါန်းခဲ့ပြီး သီးခြားအလှူငွေကျပ် တစ်သောင်းစီကို ဖလရုံ၊ ထိကြီး၊ မန်ကျိုး အမကကျောင်းသုံးကျောင်းမှ ကျောင်းအုပ်ကြီးများသို့ မြို့နယ်အသင်းအတွင်းရေးမှူးက ပေးအပ်လှူဒါန်းသည်။ ယင်းနောက် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဝင်းရွှေက စာသင်ခုံများလှူဒါန်းရခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဗဟန်းမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း၌ ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းရီက (၁၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဒုတိယဆုရ မပိုင်သိမ့်သိမ့်နွေးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနပဝိသတိမ(၁၉)ကြိမ်မြောက်အစည်းအဝေးကျင်းပ ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ သာရဏီယသြဝါဒကထာမြွက်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနပဝိသတိမ (၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ အစည်းအဝေးသို့ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

သြဝါဒကထာမြွက်ကြား

ထို့နောက် သဘာပတိ နိုင်ငံတော်သံဃမဟာနာယအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ သာရဏီယ သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

(၄၇) ပါးစုံညီ အစည်းအဝေး

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ ကျေနပဝိသတိမ(၁၉)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း
သတင်းဆောင်းပါး နှင့် အင်တာနက် ကျန်းမာရေး အညွှန်း

မြန်မာနိုင်ငံတစ်ဝန်းမှ သဘာဝအလှအပ ရှုခင်းများ၊ တိုင်းရင်းသားတို့ ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှု များကို တစ်နေရာတည်း၌ တစ်ဝကြီး ကြည့်ရှုခံစားနိုင်ရန် အတွက် different-3 **ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ဂရင်းမီးရထားဟိုတယ် ပထမထပ်၌ ဖေဖော်ဝါရီ ၂၄ ရက် (ယနေ့)မှ မတ် ၄ ရက်အထိ ခင်းကျင်းပြသမည်။**

မြန်မာ့ယဉ်ကျေးမှု၊ အလှနှင့် သဘာဝကို ဖော်ကျူးပြသထားသည့် ဓာတ်ပုံပြပွဲ (စာ-၆)

စာရေးခြင်းနှင့် အချက်အလက်များ မှတ်တမ်းတင်ရာတွင် အသုံးပြုသည့် အီလက်ထရွန်နစ်ကတ်ပြားများသည် ဆေးရုံများ၌ လူနာ၏ ဆေးကုသမှုမှတ်တမ်းများကို မှတ်သားရာတွင် အလွန်ထိရောက်မှုရှိ။

အင်တာနက်ကျန်းမာရေး (စာ-၄)